အရိယ သစ္စာန ဒဿနံ တော် မင်္ဂလမုတ္တမံ၊ မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့၊ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၄)

## ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တိုင်းရင်းသားခေါင်းဆောင်များအားလက်ခံတွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၂၂

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃)မှ တိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော ဦးဆေးထင်၊ ဦးလွယ်မောင်းနှင့် အဖွဲ့အား လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)

ထိုသို့ လက်ခံတွေ့ဆုံရာတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**တင်ပြဆွေးနွေး**

တွေ့ဆုံပွဲတွင် ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တည်ဆောက်ရေးလုပ်ငန်းအဆင့်ဆင့်တွင် ပြည်ပအတွေ့အကြုံနည်းပညာနှင့်အတတ်ပညာများလေ့လာဆည်းပူး အိမ်ရာစီမံကိန်းများသတ်မှတ်ပေးထားသည့်ကာလအတွင်း တည်ဆောက်ပြီးစီးရေးအလေးထားဆောင်ရွက် နိုင်ငံတော်ဝန်ကြီးချုပ် မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီအစည်းအဝေး၌မှာကြား

ရန်ကုန် နိုဝင်ဘာ ၂၂

**မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီအစည်းအဝေး အမှတ်စဉ်(၆/၂၀၀၃)ကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

အစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဒုတိယရှေ့နေချုပ်၊ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှု ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေ့ဦးစွာ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားရာတွင် ***စာမျက်နှာ ၃ ကော်လံ ၁*** ✡

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

# အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီးတည်ဆောက်လူငယ်လူရွယ်များမြင့်မားသည့်စွမ်းရည်နှင့်စွမ်းအားများဖြစ်ပေါ်အောင်ပျိုးထောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရေးသည် တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။

အမျိုးသားရေးပန်းတိုင်သို့ ရောက်ရှိရန်အတွက် နိုင်ငံတော်နှင့် ပြည်သူများ လက်တွဲ၍ တည်ဆောက်ရေးလုပ်ငန်းများကို နေ့ညမနား အရှိန်အဟုန်ပြင်းပြင်း ပါဝင်တည်ဆောက်လျက်ရှိကြသည်။ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းရာတွင် စီးပွားရေးအခြေခံအဆောက်အအုံနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသည်။

ထို့ကြောင့် အခြေခံအဆောက်အအုံ တည်ဆောက်မှုအပိုင်းနှင့် အရင်းအမြစ်ဖော်ထုတ်မှု အပိုင်းများကို နိုင်ငံတော်က အားပေးဖြည့်ဆည်း ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် ဒေသစုံ၊ ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကိုလည်း မြင်တွေ့နေရပြီဖြစ်ပေသည်။

အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုဝင်ဘာလ ၂၁ ရက်တွင် ကျင်းပသည့် ၂၀၀၃ခုနှစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင် အောက်ပါအတိုင်း မိန့်ခွန်းမြွက်ကြားခဲ့သည်။

**"အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှသာ စီးပွားရေးဘဝကို မြှင့်တင်ပေးနိုင်မှာဖြစ်တယ်။ မောင်တို့ မယ်တို့က မိမိနိုင်ငံရဲ့ အခြေအနေကို တစ်ဖက်က လျင်မြန်တဲ့နှုန်းထားနဲ့ ပြောင်းလဲတိုးတက်နေတဲ့ ကမ္ဘာ့အစိတ်အပိုင်းတွေနဲ့လဲ နှိုင်းယှဉ်ကြည့်ကြရမှာဖြစ်တယ်။ အဘက်ဘက်မှာလဲ စွမ်းရည်၊စွမ်းအားမြင့်မားနေတဲ့ နိုင်ငံမျိုးကသာ ယနေ့ကမ္ဘာမှာရင်ပေါင်တန်း ရပ်တည်နိုင်မှာဖြစ်တယ်။ တစ်နည်းအားဖြင့် နိုင်ငံနဲ့လူမျိုး ထာဝရရှင်သန်နိုင်ရေးအတွက် မြင့်မားတဲ့ စွမ်းရည်နဲ့စွမ်းအားကို တည်ဆောက်နေရမယ်။ ခေတ်မီဖွံ့ဖြိုးရေးနဲ့ အဆက်မပြတ် ဆက်တိုက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံရဲ့လူ့စွမ်းအားအရင်းအမြစ်များကို မြင့်မြင့်မားမား တည်ဆောက်နေရမယ်"**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံအကျဆုံးဖြစ်သည်။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးမားစွာဖြင့် ရေရှည်မျှော်တွေး၍ မိန့်ကြားခဲ့ခြင်းဖြစ်သည်။

ယခုအခါ လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးနိုင်မည့် အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်၍ လူ့စွမ်းအားအရင်းအမြစ်များ ပျိုးထောင်မွေးထုတ်ပေးလျက်ရှိသည်။ အခြားသောအဖွဲ့အစည်းများကလည်း အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားများဖြင့် နိုင်ငံတည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်လျက်ရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ တည်ဆောက်ကြရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များလည်း ပါဝင်ခဲ့သည်။ ယင်းကဲ့သို့ပါဝင်ကြရာတွင် အသင်းဝင်များ စိတ်ဓာတ် စွမ်းရည်နှင့် ကျွမ်းကျင်မှုအရည်အသွေးများ ပြည့်စုံရန်လိုအပ်ပေသည်။

ထို့ကြောင့် အသင်းဝင်များ အရည်အသွေးပြည့်စုံစေရန် အမြဲလေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သည်။ အရည်အသွေးပြည့်ဝသော အသင်းဝင်များသည် ပြည်သူတို့၏ အကျိုးစီးပွားကို ကျရာကဏ္ဍက ပါဝင်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်း ပါဝင်ကြရမည်ဖြစ်သည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးတွင်လည်း ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်စေရန် ကြိုးပမ်းကြရာ၌ မြင့်မားသည့်စွမ်းရည်နှင့် စွမ်းအားများဖြစ်ပေါ်အောင် အမြဲတမ်းလေ့ကျင့်ပျိုးထောင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

**၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။**

**(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။**

**(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိတ်မသုန် အကောင်အထည်ဖော်သွားမည်။**

**(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။**

**(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။**

**(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။**

**(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။**

## ( ၅၉ )နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ်
## ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရန်နှိုးဆော်

**ရန်ကုန် နိုဝင်ဘာ ၂၂**

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် **"ဖွံ့ဖြိုးသာယာပြည်မြန်မာ"**နှင့် **"ယဉ်ကျေးမှုအမွေ စောင့်ထိန်းလေ"** ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀လက်မ x၁၂ လက်မနှင့်အထက်အရွယ် Print ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

### ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂိုတစ်ကို တင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့်ဆိုင်ရာ အချက်အလက်များ (Data) နှင့်ဓာတ်ပုံအကြောင်းအရာ (Caption) ကို သီးခြားစာရွက်ပေါ်တွင်ရေးသား၍ ပူးတွဲပေးပို့ရမည်။ သရုပ် ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက် ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်း မရှိကြောင်း၊ ပြည်တွင်း/ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်း ဝန်ခံဖော်ပြချက်ပါရှိရမည်။ Digital ကင်မရာဖြင့် ရိုက်ကူးထားသောပုံများ ပေးပို့ယှဉ်ပြိုင်ရန်မလိုကြောင်း ကြေညာ ထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အထူးဆု များကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ၂၀၀၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာ တိုင်း၊ တပ်မဌာနချုပ်များတွင် ကျင်းပသော (၅၉)နှစ်မြောက်တပ်မတော်နေ့ အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

### ပေးပို့ယှဉ်ပြိုင်

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး (ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂-၂၄)ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆေးပညာအထူးကုဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံဆရာဝန်အသင်း (၁၁)ကြိမ်မြောက် ဆေးပညာအထူးကု ဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၄၉)ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးကိုယ်စား ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမောင်မောင်ဝင့် တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် သဘာပတိ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးကိုယ်စား အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးမျိုးမြင့်နှင့် နှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပါမောက္ခဦးသိန်းအောင်တို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ ကြိုဆိုဧည့်ခံရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါ်တင်တင်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါနှီးနှောဖလှယ်ပွဲတွင် စာတမ်း၆၁စောင် ဖတ်ကြားပြီး Symposiumဆွေးနွေးပွဲငါးခု၊ Clinico Pathological Conference (ဆေးလက်တွေ့နှင့် ရောဂါဗေဒဆိုင်ရာပေါင်းစပ်ဆွေးနွေးပွဲ)တစ်ခုနှင့် Clinical Session (စိတ်ဝင်စားဖွယ်ရာ ရောဂါဆွေးနွေးပွဲ)များကို နိုဝင်ဘာ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စုံထောက်ကြီးဦးစံထားစာအုပ်ထုတ်ဝေ



**ရန်ကုန် နိုဝင်ဘာ ၂၂**

လူငယ်လူရွယ်များ အကျင့်စာရိတ္တ တိုးတက်ကောင်းမွန်စေလိုသောဆန္ဒ၊ မြန်မာလူငယ်များ စုံထောက်ပညာကို လေ့လာ လိုက်စားစေလိုသော ဆန္ဒတို့ဖြင့် စာရေးဆရာတိုးထက် ရေးသားသည့် စုံထောက်ကြီးဦးစံထားနှင့် ဆိုးမွေကောင်းမွေ စာအုပ်ကို ရန်အောင်စာပေ ၃၄၃/၁၈၊ အနောက်ရန်ကင်း ဖုန်း- ၇၂၂၅၇၂ က ဖြန့်ချိသည်။ **(အပေါ်ပုံ) (က-ပ)**

## ဆွေးနွေးမှာကြား

**မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီအစည်းအဝေး အမှတ်စဉ် (၆/၂၀၀၃)သို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။** (သတင်းစဉ်)

# ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

### ✡ တည်ဆောက်ရေးမှ

ရန်ကုန်မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီသည် ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာ မြို့တော်ကြီးများကဲ့သို့ မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်မှုရှိစေရေးအတွက် လမ်းများတိုးချဲ့မွမ်းမံခြင်း၊ အပန်းဖြေပန်းဥယျာဉ်များ အဆင့်မြှင့်တင် မွမ်းမံတည်ဆောက်ခြင်းနှင့်အတူ အိမ်ရာစီမံကိန်းလုပ်ငန်းများ တစ်ပြေးညီဖြစ်ထွန်းလာစေရေး စီမံကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရန်ကုန်မြို့တော်အတွင်း ခေတ်မီအထပ်မြင့်အိမ်ရာစီမံကိန်းများ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး အထပ်မြင့်အဆောက်အအုံများ ခိုင်ခံ့မှုရှိရေး၊ တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျဖြစ်ရေး၊ စံချိန်စံညွှန်းများ ကိုက်ညီမှုရှိစေရေးတို့အတွက် အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့ကို ဖွဲ့စည်းပေးထားပြီး အဖွဲ့အနေဖြင့်လည်း အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ရေးဆိုင်ရာ အားနည်းချက်၊ အားသာချက်များကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ပြင် မိမိတို့အနေဖြင့် အထပ်မြင့်အဆောက်အအုံစီမံကိန်းများကို ယခုမှ စတင်တည်ဆောက်ကြခြင်းဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းအဆင့်ဆင့်တွင် ခိုင်ခံ့မှုရှိရေး၊ မြို့တော်၏ ခံ့ညားတင့်တယ်မှုကို အထောက်အကူဖြစ်ရေးတို့အတွက်ပြည်ပအတွေ့အကြုံများ၊ နည်းပညာနှင့် အတတ်ပညာများကိုပါ လေ့လာဆည်းပူးရယူပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြို့တော်အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများကိုလည်း တစ်ခုနှင့်တစ်ခု ဆက်စပ်ပြီး ဟန်ချက်ညီညီ ခေတ်မီအဆင့်မြင့် အဆောက်အအုံများ၏ အင်္ဂါရပ်နှင့်အညီ ပြည့်စုံသပ်ရပ်မှုဖြစ်အောင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ အချို့အိမ်ရာစီမံကိန်းများအနေဖြင့် မြေကြီးလုပ်ငန်း၊ Foundation လုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ အချို့စီမံကိန်းများမှာလည်း မြေပေါ်တည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ အိမ်ရာစီမံကိန်းများကို သတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်း စံချိန်စံညွှန်းမီ တည်ဆောက်ပြီးစီးရေးကို အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာပညာရှင်များစွာရှိကြောင်း။

### ကြိုးပမ်းဆောင်ရွက်

ယနေ့ဆိုလျှင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီးကို အင်ဂျင်နီယာ အတတ်ပညာရှင်များစွာဖြင့် ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ အဆိုပါအင်ဂျင်နီယာအသင်းတွင် လက်ရှိနိုင်ငံ့ဝန်ထမ်းအင်ဂျင်နီယာများ၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအင်ဂျင်နီယာများ၊ ပုဂ္ဂလိကကဏ္ဍတွင် ဆောင်ရွက်နေကြသည့် အင်ဂျင်နီယာများဖြင့် ဖွဲ့စည်းထားပြီးဖြစ်ရာ ယင်းတို့တွင် အတွေ့အကြုံများစွာရှိထားကြသူများ၊ အလယ်အလတ်နှင့် မျိုးဆက်သစ်အင်ဂျင်နီယာ အတတ်ပညာရှင်များဖြစ်ကြကြောင်း။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီးအနေဖြင့် အာဆီယံအင်ဂျင်နီယာ အသင်းများအဖွဲ့ချုပ်တွင် အဖွဲ့ဝင်ဖြစ်ခဲ့ပြီး အသင်းချုပ်ကြီးက ပေးအပ်ခဲ့သည့် အင်ဂျင်နီယာဆိုင်ရာဆုတံဆိပ်များကိုလည်း ထိုက်ထိုက်တန်တန် ရရှိခဲ့ကြကြောင်း။

မိမိတို့အင်ဂျင်နီယာများအနေဖြင့် ကြီးမားသောတံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများကို ဆယ်စုနှစ်အတွင်း ရာနှင့်ချီတည်ဆောက်ပေးနိုင်ခဲ့ကြပြီးဖြစ်ကြောင်း၊ ခေတ်မီနည်းစနစ်များ၊ အတွေ့အကြုံများ၊ အတတ်ပညာများ ဆက်လက်လေ့လာဆည်းပူးရယူပြီး မိမိတို့၏ အင်ဂျင်နီယာ အတတ်ပညာရပ်များကို အရှေ့တောင်အာရှနှင့် အာရှအင်ဂျင်နီယာအတတ်ပညာနယ်ပယ်များတွင် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ယနေ့ မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အဆင့်မြင့်အိမ်ရာစီမံကိန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းကဏ္ဍတွင် အတွေ့အကြုံ၊ နည်းစနစ်ချို့ယွင်းအားနည်းမှုမရှိစေရန် ရေရှည်ခိုင်ခံ့မှုရှိအောင်၊ တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီမီဖြင့် သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင် ရန်ကုန်မြို့တော်ကြီးအား နိုင်ငံတကာအဆင့်မီမြို့တော်ကြီးအဖြစ် ခံ့ညားထည်ဝါလှပစွာအသွင်အပြင်ပြောင်းလဲပေါ်ထွန်းလာအောင် မိမိတို့ အင်ဂျင်နီယာ အတတ်ပညာစွမ်းပကားဖြင့် ဆောင်ရွက်သွားကြရေး မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် မြို့တော်အိမ်ရာ စီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဝင်များနှင့် တာဝန်ရှိသူများက မြေယာကိစ္စရပ်များ၊ အိမ်ရာကိစ္စရပ်များ၊ အိမ်ရာစီမံကိန်းဆိုင်ရာ ကိစ္စရပ်များအပါအဝင် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မိမိတို့နှင့်သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇိုင်းပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်က အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ရာတွင် ခိုင်ခံ့ရေး၊ ငလျင်ဒဏ်ခံနိုင်ရေးတို့အတွက် ပုံစံရေးဆွဲခြင်း၊ အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများတွင် တည်ဆောက်ရေးလုပ်ငန်းကို ဒီဇိုင်းပုံစံများနှင့် စစ်ဆေးအကြံပြုဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံကျော်က ရန်ကုန်မြို့တော်၏ လမ်းများ အဆင့်မြှင့်တင်ရေးအတွက် မြို့တော်အဝင် အဓိကလမ်းမကြီးများ အဆင့်မြှင့် မွမ်းမံခြင်း၊ ဒဂုံမြို့သစ်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပမြို့များရှိ လမ်းများ အဆင့်မြှင့်မွမ်းမံခြင်း၊ လမ်းသစ်များဖောက်လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ သန်လျင်–ကျောက်တန်း စက်မှုဇုန်ဒေသ လမ်းများတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသူများက ရန်ကုန်မြို့တော် အဆင့်မြှင့်တင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက် အကြံပြုရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

### ■ စာပေပန်းများမှ

ဖတ်သူ၊ ထုတ်ဝေသူ၊ စာအုပ်ရောင်းချသူများဖြင့် စုံစုံလင်လင် တွေ့မြင်ခဲ့ရ၏။

ယခုနှစ်ပြပွဲတွင် စာရေးသူဆရာချစ်စံဝင်းက သူရေးသားခဲ့သည့် စာအုပ် ၁၀၀ ပြည့် အထိမ်းအမှတ် စာအုပ်များ ပြသထားသည်ကို တွေ့ရ၏။ ဆရာချစ်စံဝင်းက "ဝတ္ထုရှည် မြန်မာနှစ်တစ်ရာပြည့်ပြပွဲနဲ့ ကျွန်တော်ရေးခဲ့တဲ့ စာအုပ် ၁၀၀ ပြည့်နဲ့ လာရောက်တိုက်ဆိုင်နေလို့ ဝမ်းမြောက်ဝမ်းသာ ကျွန်တော့်စာအုပ်တွေကို လာရောက်ပြသတာပါ။ ဒီလိုပြသခွင့်ရတဲ့အတွက် စာအုပ်ဈေးပွဲတော်နဲ့ပြပွဲ ပြသရေးကော်မတီကို ကျေးဇူးတင်ရှိပါတယ်။ နောင်ကိုလဲ နိုင်ငံ့အကျိုးပြု စာပေတွေကို ဆက်လက်ရေးသားထုတ်ဝေပေးနေဦးမှာပါ"

ဆရာချစ်စံဝင်းသည် ၁၉၆၄ ခုနှစ်မှ ယနေ့အထိ ပြည်သူ့အကျိုးပြု ဆောင်းပါးပေါင်း ၂၀၀၀ ကျော်နှင့် စာအုပ်ပေါင်း ၁၀၀ ကျော်ကို ရေးသားခဲ့သည့် ဝါရင့်စာရေးဆရာကြီး ဖြစ်သည်။

"ကျွန်တော်ရေးတဲ့စာအုပ်၁၀၀ပြည့်တဲ့အချိန် နှစ်တစ်ရာစာအုပ်ပြပွဲနဲ့ကြုံရလို့ ဝမ်းမြောက်မိပါတယ်"

**စာရေးဆရာချစ်စံဝင်း**

ဆက်လက်၍ စာအုပ်ပွဲတော်တွင် ထူးခြားသော ပြကွက်တစ်ခုကိုလည်း တွေ့ခဲ့ရ၏။ ဖော်အဲဗား ကွန်ပျူတာအုပ်စုက ကွန်ပျူတာ ငါးလုံးဖြင့် E-book အကြောင်း ပြသနေခြင်းဖြစ်၏။ မြန်မာနှင့်သာမက ကမ္ဘာနှင့်ပါ မြန်မာစာပေကို ကွန်ရက်ဖြန့်ပြသခြင်းဖြစ်၍ စိတ်ဝင်စားမိသဖြင့် တာဝန်ရှိသူ ဝန်ထမ်း မစုမြတ်နိုးနှင့် E-bookဝင်ရောက်ဖတ်နေသူ စာရေးဆရာ မောင်ခိုင်ခန့်တို့ကို တွေ့ဆုံမေးမြန်းခဲ့၏။ မစုမြတ်နိုးက "အင်တာနက်မှာ စာအုပ်တစ်အုပ်လုံးကို ဖွင့်ဖတ်နိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ ကမ္ဘာတစ်လွှားက မြန်မာစာအုပ်ဖတ်ချင်သူတွေနဲ့ မြန်မာပြည်က အင်တာနက်ရှိသူတွေ www for-everspace.com.mmဖွင့် ကြည့်ရုံနဲ့ မြန်မာစာအုပ်တွေ ဖတ်နိုင်ပါပြီ၊ ယနေ့အထိ စာအုပ်ဝင်ကြည့်သူ ကိုးသောင်းခန့် ရှိပါတယ်။ တင်ထားတဲ့စာအုပ်က တစ်ထောင်ခန့်ရှိပါတယ်။"

E.book° စာဖတ်နေသူ စာရေးဆရာမောင်ခိုင်ခန့်ကလည်း "ကျွန်တော်ရေးတဲ့ စာအုပ်တွေကို ပြည်ပကမိတ်ဆွေတွေကို လက်ဆောင်ပေးနိုင်ပါပြီ။ ကျွန်တော်ကိုယ်တိုင်လဲ စိတ်ဝင်စားလွန်းလို့ ကိုယ်တိုင် လာရောက်ဖတ်ကြည့်နေတာပါ။ စာအုပ်တွေကို စက္ကန့်ပိုင်းအတွင်းမှာ စုံလင်စွာ ရွေးချယ်နိုင်ပါတယ်။ နိုင်ငံတော်ရဲ့ သတင်းနဲ့ ဆက်သွယ်ရေးနည်းပညာ တိုးတက်မှုတွေပေါ့"

ထို့နောက် ပြပွဲတွင် စာအုပ်ရောင်းချနေသူ ဒိုင်းခင်ခင်စာပေမှ ဦးအောင်နိုင်ကိုလည်း တွေ့ဆုံမေးမြန်းခဲ့သည်။ ဦးအောင်နိုင်က "ပြပွဲတွေ စလုပ်ကတည်းက အစဉ်အဆက် ရောင်းချခဲ့တာပါ။ မိမိအတွက်လဲ အကျိုးရှိ၊ စာဖတ်ပရိသတ်အတွက်လဲ အကျိုးရှိအောင် လုပ်တဲ့အလုပ်မို့ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ စာဖတ်သူတွေအပေါ်မှာလဲ စေတနာထားပါတယ်။ စာအုပ်ဖတ်ချင်ပြီး မဝယ်နိုင်တဲ့သူတွေဆို အခမဲ့ လှူဒါန်းဦးမှာပါ"

စာအုပ်ရောင်းချသူဦးအောင်နိုင်၏ စာဖတ်သူအပေါ်ထားရှိသည့် စေတနာက မွန်မြတ်လှသည်။ ပညာပါရမီဖြည့်ဆည်းပေးခြင်းပင်ဖြစ်သည်။ ဆက်လက်၍ စာအုပ်လာရောက်ဝယ်ယူအားပေးသူများထဲမှ ရန်ကုန်မြို့ ပန်းလှိုင်အိမ်ရာမှ ဒေါက်တာခင်မောင်ဦးက "ကျွန်တော်က ဆရာဝန်ပါ။ မြန်မာစာပေကို မြတ်နိုးပါတယ်။ ကျွန်တော့်လုပ်ငန်းခွင်က ဝန်ထမ်းတွေ အသိပညာပြန့်ပွားအောင် သင်ကြားပြသပေးဖို့အတွက် စာအုပ်တွေ လာရောက် ဝယ်ယူလေ့လာနေတာပါ။ ကျွန်တော် ရာဇဝင်စာအုပ်တွေကို ပိုမိုနှစ်သက်ပါတယ်"

စာအုပ်လာရောက်ဝယ်ယူအားပေးနေသူ အင်ဂျင်နီယာ ကိုရဲထွဋ်ကလည်း "အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာစာအုပ်တွေကို လာရောက်ဝယ်ယူတာပါ။ စာပေကို မြတ်နိုးပါတယ်။ ယခုလို လွယ်လင့်တကူ ဝယ်ယူနိုင်လို့ များစွာကျေနပ်မိပါတယ်"

စီးပွားရေးတက္ကသိုလ် ဒုတိယနှစ်ကျောင်းသူ မစုရည်လွင်ကလည်း ငယ်ရွယ်သူ ကျောင်းသူပင်ဖြစ်လင့်ကစား စာပေကိုတန်ဖိုးထား၍ စာအုပ်များအားပါးတရလေ့လာဝယ်ယူနေသည်ကို တွေ့ခဲ့ရသည်။ မစုရည်လွင်က "ကျွန်မ စာဖတ်ဝါသနာပါပါတယ်။ စာပေထဲမှာ ရာဇဝင်စာပေတွေကို ပိုကြိုက်ပါတယ်။ စာအုပ်ပြပွဲမှာ လာရောက်ဝယ်ယူခွင့်ရလို့ ဝမ်းမြောက်မိပါတယ်"

"ကမ္ဘာတစ်လွှားက မြန်မာစာအုပ်ဖတ်ချင်သူတွေ လွယ်လင့်တကူ ဖတ်ရှုနိုင်မယ့် အခွင့်အလမ်းတစ်ခုပါ"

**မစုမြတ်နိုး (Marketing)**

ပြပွဲတွင် ဝယ်သူ၊ ရောင်းသူများပြားလှသဖြင့် ဆက်လက်တွေ့ဆုံမေးမြန်း၍မကုန်၊ စာပေကိုတန်ဖိုးထားသူများ၊ မြတ်နိုးသူများ တွေ့ခဲ့ရ၍ ဝမ်းမြောက်ပီတိဖြစ်မိခြင်းသာ ခံစားရ၏။ ပြပွဲကြီး ခင်းကျင်းပြသပေးသူများကိုလည်း ကျေးဇူးတင်မိသည်။

ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲကို နိုဝင်ဘာ၂၂ရက်မှ ၃၀ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။ ပြပွဲတွင် ၁၉၄၈ခုနှစ်မတိုင်မီမှ ယနေ့အထိ အောင်မြင်ကျော်ကြားလှသိမ်းခဲ့သော ဝတ္ထုရှည်များ၊ နိုင်ငံတော်အဆင့်ဆုရဝတ္ထုရှည်များ၊ အာဆီယံနိုင်ငံများမှ စာအုပ်များကို ကဏ္ဍလေးမျိုးခွဲခြားပြသထားရာ မြန်မာစာပေလောကပိုမိုပွင့်လန်း တင့်ဆန်းလာခြင်းပင် ဖြစ်ပေသည်။ ။

**(မြန်မာ့အလင်း)**

# ဘဂ္ဂဒက်မြို့ရှိ ဟိုတယ်ကြီးနှစ်ခု ဒုံးကျည်များဖြင့် တိုက်ခိုက်ခံရ အနောက်အုပ်စုအစိုးရများက တိုက်ခိုက်မှုများကို စိုးရိမ်ထိတ်လန့်နေ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၂

**ယမန်နေ့ညက အီရတ်နိုင်ငံ၌ ဒုံးကျည်များဖြင့် ဆက်တိုက်ပစ်ခတ်တိုက်ခိုက် ခြင်းခံခဲ့ရရာ အနောက်အုပ်စုအစိုးရများသည် အယ်လ်ခိုင်ဒါနှင့် ယင်း၏အဖွဲ့အစည်းများက အကြမ်းဖက်ဗုံးခွဲမှုများ အသုတ်လိုက်လုပ်ဆောင်လာမည်ကို စိုးရိမ်ထိတ်လန့်နေကြသည်။**

ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဘဂ္ဂဒက်မြို့လယ်ရှိ ပါလက်စတိုင်း ဟိုတယ်၏ ၁၆ထပ်နှင့် ၁၇ထပ်ကိုလည်း ထိမှန်ခဲ့ရသည်။

သောကြာနေ့ အစောပိုင်းတွင် ဘဂ္ဂဒက်ရှိရေနံဝန်ကြီးဌာန အဆောက်အအုံနှင့် ဟိုတယ်ကြီးနှစ်ခုကို ဒုံးကျည်များဖြင့် တိုက်ခိုက်ရေးသမားများက ပစ်ခတ်တိုက်ခိုက်ခဲ့ကြပြီးနောက်ပိုင်း၌ ဘဂ္ဂဒက်ရှိ အီတလီသံရုံးအနီးရှိ လမ်းတစ်လမ်းတွင် ဒုံးကျည်၃၀ပါရှိသော လက်လုပ်လောင်ချာတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ရသည်။

**တပ်လှန့်**

ဩစတြေးလျနိုင်ငံက ကမ္ဘာ့ခရီးသွားလာမှုတစ်ရပ်ကို သတိပေးတပ်လှန့်ထားပြီး နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒာဒေါင်နာက ယနေ့ညကျင်းပမည့် ရက်လ်ဘီကမ္ဘာ့ဖလားနောက်ဆုံးပွဲကြည့်ရန်အတွက် အရက်ဆိုင်များနှင့် ညကလပ်များတွင် လူစုရုံးခြင်းမပြုကြရန် ပင်လယ်ရပ်ခြားရှိ ဩစတြေးလျနိုင်ငံသားများကို အကြံပြုထားသည်။

**လိုက်နာရန်**

နိုင်ငံခြားရေးဝန်ကြီးက အရှေ့တောင်အာရှနှင့် အရှေ့အလယ်ပိုင်းတွင်ရှိကြသော ဩစတြေးလျနိုင်ငံသားများ ယင်းသတိပေးချက်ကို လိုက်နာကြရန်သတိပေးထားသည်။

**သတိပေး**

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောကလည်း ယမန်နေ့ညတွင် တူရကီရှိ ဗြိတိသျှ အကျိုးစီးပွားများ နောက်ထပ်တိုက်ခိုက်လာမည့် ခြိမ်းခြောက်မှု အန္တရာယ်ကို သတိပေးထားသည်။

**(အင်တာနက်)**

**နိုဝင်ဘာ ၂၁ရက်က ဘဂ္ဂဒက်မြို့ရှိ ပါလက်စတိုင်း ဟိုတယ်အပြင်ဘက်၌ လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## ဘဂ္ဂဒက်ရှိ ရှယ်ရတွန်ဟိုတယ် ပေါက်ကွဲမှုများဖြစ်ပွား

ဘဂ္ဂဒက် နိုဝင်ဘာ ၂၁

ဘဂ္ဂဒက် မြို့လယ်ကောင်ရှိ အနောက်အုပ်စုသတင်းစာဆရာနှင့် ကန်ထရိုက်များအသုံးပြုသော ရှယ်ရတွန်ဟိုတယ်တွင် သောကြာနေ့ နံနက်ပိုင်းက ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ထိုပေါက်ကွဲမှုကြောင့် အနီးရှိ ပါလက်စတိုင်းဟိုတယ်လည်း ၁၆ ထပ်နှင့် ၁၇ ထပ်ထိမှန်ခံရသည်ဟုဆိုသည်။ ရှယ်ရီတွန်ဟိုတယ်၌ လာရောက်သောဧည့်သည်များက ဆင်ဝင်ခန်းမကြီးအနှံ့ မှန်ကွဲစများပြန့်ကျဲနေကြောင်း၊ လူအချို့ ဒဏ်ရာအနည်းငယ်ရကြောင်း ပြောဆိုကြသည်။

ပေါက်ကွဲမှုကြောင့် ရှယ်ရီတွန် ဟိုတယ်ပြတင်းပေါက်များအပေါက်ကြီး နှစ်ပေါက်ဖြစ်သွားခဲ့သည်။ အနီးရှိ အဆောက်အအုံတစ်ခု၌ လုံခြုံရေး စောင့်ကြပ်သူတစ်ဦးက ဒုံးကျည် သို့မဟုတ် ဒုံးပစ်လောင်ချာ ဟိုတယ် ရှိရာသို့ လာမှန်သည်ကို မြင်တွေ့ခဲ့ရကြောင်း ပြောဆိုသည်။

**(အင်တာနက်)**

# အီရတ်သို့ ဩစတြေးလျတပ်ဖွဲ့ဝင်များထပ်မံမလွှတ်တော့

ဆစ်ဒနီ နိုဝင်ဘာ ၂၀

**ဩစတြေးလျနိုင်ငံသည် အီရတ်နိုင်ငံနှင့် အာဖဂန်နိုင်ငံများသို့ တပ်ဖွဲ့များ ထပ်မံပို့လွှတ်ရန် အစီအစဉ်တစ်စုံတစ်ရာမရှိကြောင်း ဩစတြေးလျနိုင်ငံကာကွယ်ရေးဝန်ကြီး ရောဘတ်ဟီးလ်က ပြောကြားသည်။**

လက်ရှိအခြေအနေတွင် အီရတ်နိုင်ငံနှင့် အီရတ်ပတ်ဝန်းကျင်ဒေသတွင် ဩစတြေးလျတပ်ဖွဲ့ဝင်အင်အား ၈၅၀ မှ ၉၀၀ခန့်ရှိပြီး အာဖဂန်နိုင်ငံတွင် ဩစတြေးလျတပ်ဖွဲ့ဝင်မှာ မဆိုစလောက်သာရှိသည်။

အဆိုပါနိုင်ငံများသို့ စေလွှတ်ထားသော မိမိတို့၏ တပ်အင်အားသည် မိမိတို့၏ အရွယ်အစားနှင့် ယူထားရသည့်တာဝန်အရ သင့်တော်သော အင်အားအရေအတွက်ပင်ဖြစ်ကြောင်း၊ ဩစတြေးလျအနေဖြင့် သင့်တင့်လျောက်ပတ်သော တာဝန်ကိုယူထားပြီးဖြစ်သည်ဟု ယူဆကြောင်း ဝန်ကြီး ဟီးလ်က ပြောကြားသည်။ အဆိုပါစကားများကို ဗုဒ္ဓဟူးနေ့က အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။ ထိုသတင်းစာရှင်းလင်းပွဲတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်လည်းရှိနေသည်။

အီရတ်များအနေဖြင့် ၎င်းတို့လိုလားနေသော အကျိုးစီးပွားများနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းသွားနိုင်စေရန်၊ ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိလာစေရန်နှင့် အရှိန်အဟုန်မပျက် တာဝန်ယူသွားနိုင်စေရန် ဟူသော အချက်များမှာ အလွန်အရေးပါသော အချက်များဖြစ်သည်ဟု ထင်မြင်ယူဆပါသည်ဟုဆိုသည်။ ထိုအခြေအနေသို့ရောက်ရှိအောင် ဆောင်ရွက်ရေးတွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များအတွက် အလွန်ခက်ခဲသောကိစ္စပင်ဖြစ်ကြောင်း ဟီးလ်က ပြောကြားသွားသည်။

**(အင်တာနက်)**

## လန်ဒန်၌ဘုရှ်ကိုအလံတော်ယမ်းကြိုမည့်သူမရှိ လမ်းတစ်လျှောက် ဆန္ဒပြပွဲများဖြင့်သာကြိုရ

**လန်ဒန် နိုဝင်ဘာ ၂၁**

အမေရိကန်သမ္မတဘုရှ် ဗြိတိန်သို့ အလည်အပတ်ရောက်ရှိလာစဉ် စစ်ပွဲဆန့်ကျင်သူများက လန်ဒန်တွင် ဆန္ဒပြပွဲများဆင်နွှဲပြီး ၎င်း၏မူဝါဒများကန့်ကွက်ကြောင်း သတင်းများက ဖော်ပြခဲ့ကြသည်။ တူရကီနိုင်ငံတွင် ဗြိတိန်တို့၏ ကောင်စစ်ဝန်ရုံးနှင့် အိပ်ချ်အက်စ်ဘီစီရုံးတို့ကို တိုက်ခိုက်ခြင်းမပြုမီကပင် သမ္မတဘုရှ်၏ အလည်အပတ်ခရီးသည် အငြင်းပွားဖွယ်ဖြစ်ခဲ့သည်။

ဝန်ကြီးချုပ်တိုနီဘလဲ၏ အမေရိကန်သမ္မတဘုရှ်အပေါ် အပြည့်အဝထောက်ခံမှုကိုလည်း ရှုံ့ချခဲ့ကြပြီး အီရတ်စစ်ပွဲဆင်နွှဲခြင်းကြောင့် အမှန်တကယ်လုံခြုံမှု ရှိမရှိကိုလည်း မေးခွန်းထုတ်ခဲ့ကြသည်။ ဆန္ဒပြသူများထဲတွင် အီရတ်၌ တာဝန်ထမ်းဆောင်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဇနီးများလည်းပါဝင်ခဲ့ပြီး ၎င်းတို့က အီရတ်တွင် အစွမ်းထက်လက်နက်များရှိသည်ဆိုသော အကြောင်းပြချက်နှင့် စစ်ဆင်နွှဲခဲ့သည့် ယခုအထိ အဆိုပါလက်နက်များမတွေ့ရှိရခြင်းကြောင့် တပ်ဖွဲ့ဝင်များသည် သစ္စာဖောက်ခံရသည်ဟု ပြောကြားခဲ့ကြသည်။

သမ္မတဘုရှ်က အမေရိကန်နိုင်ငံ၏ အနီးကပ်ဆုံး မိတ်ဆွေဟုခေါ်သော ဗြိတိန်နိုင်ငံ၌ ၎င်းတို့ကို လမ်းတစ်လျှောက်အလံများဝှေ့ယမ်းကြို ဆိုမည့်အားပေးမည့်သူမရှိဘဲ ဆန္ဒပြပွဲများဖြင့်သာ ရင်ဆိုင်နေရသည်။

**(စီအင်န်အင်န်)**

**ဆန္ဒပြ**

**နိုဝင်ဘာ ၂၀ ရက်က လန်ဒန်မြို့လယ်၌ အမေရိကန် သမ္မတဘုရှ်နှင့် အီရတ်စစ်ပွဲဆင် နွှဲ ခြင်း ကို ဆန့်ကျင် ကန့်ကွက် ဆန္ဒပြနေသော ပြည်သူများကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

## အီရတ်မြောက်ပိုင်းကယ်ကွတ်မြို့၌ အသေခံကားဗုံးပေါက်ကွဲမှုဖြစ်ပွား

ကယ်ကွတ် နိုဝင်ဘာ ၂၁

**အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကယ်ကွတ်မြို့တွင် ကာ့ဒ်ပါတီရုံး၏ အပြင်ဘက်၌ အသေခံ ကားဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် လူသုံးဦး သေဆုံးပြီး ခုနစ်ဦးထက်မနည်း ဒဏ်ရာရသွားခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောဆိုကြသည်။**

ပေါက်ကွဲမှု ကြီးမားသည့် ကာ့ဒ်မျိုးချစ်တပ်ဦးရုံးအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းထောက်က သတင်းပေးပို့သည်။

ဘဂ္ဂဒက်မြို့မှ မြောက်ဘက်မိုင်၁၅၀၌ရှိသော ကယ်ကွတ်မြို့၌ ယင်းပေါက်ကွဲမှုကြောင့် အစိမ်းရောင်ဆေးသုတ်ထားသော ပီယူကေရုံးချုပ် ပတ်လည်နံရံပြားပြားဝပ်သွားပြီး အနီးရှိမူလတန်းကျောင်း ပြတင်းပေါက်များ ကွဲကုန်ကာ မှန်စများ ထိမှန်သဖြင့် ကလေးအချို့ဒဏ်ရာရသည်။

ဖြစ်ပွားရာနေရာ၌ အမေရိကန်အရာရှိတစ်ဦးက လူသုံးဦးသေကြောင်း အတည်ပြုပြီး အသေခံဗုံးခွဲသူလည်း သေဆုံးသွားကြောင်း၊ ခုနစ်ဦးဒဏ်ရာရကြောင်း ပြောဆိုသည်။

**အမ်အင်အေ၊ရိုက်တာ**

## ဟော့ကာအရက်ယှဉ်ပြိုင်သောက်ရာမှ အသက်သေဆုံးသွားရ

မော်စကို နိုဝင်ဘာ ၂၁

***ရုရှားနိုင်ငံတောင်ပိုင်းရှိ ဗိုဂိုဒွန့်မြို့တွင် ဗော့ကာအရက်သောက်ပြိုင်ပွဲ ကျင်းပခဲ့ရာတွင် အနိုင်ရသူ သေဆုံးသွားပြီး အချို့အရေးပေါ် ကုသဆောင်၌ ဆေးဝါးကုသထားရသဖြင့် ဝမ်းနည်းဖွယ်ရာဖြင့် ပြိုင်ပွဲကို အဆုံးသတ်လိုက်ရသည်။***

**သေဆုံး**

***ပြိုင်ပွဲမှာ မိနစ် ၃၀ မှ ၄၀ ထိကြာခဲ့ပြီး အနိုင်ရသူသည် သုံးလီတာခွဲ သောက်ပြီးနောက် လဲကျသွားခဲ့သည်။ ၎င်းအားအိမ်သို့ အငှားကားဖြင့် ခေါ်ဆောင်သွားခဲ့ရာ မိနစ် ၂၀ အတွင်း သေဆုံးသွားခဲ့သည်။ အရက်ယှဉ်ပြိုင်သောက်သူငါးဦးမှာ ဆေးရုံအရေးပေါ်ကုသဆောင်၌ အဆုံးသတ်ခဲ့ရသည်။***

**အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

# အီရတ်တွင်စစ်ပွဲစတင်ခဲ့သည့်မှ နိုဝင်ဘာ ၂၁ရက် ကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၄၂၄ ဦး သေဆုံးခဲ့ရပြီ

**ဝါရှင်တန် နိုဝင်ဘာ ၂၁**

အီရတ်၌ စစ်ပွဲစတင်ခဲ့သည့်အချိန်မှစပြီး နိုဝင်ဘာ ၂၁ ရက် သောကြာနေ့အထိ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၄၂၄ ဦးဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ကြေညာသည်။ ယင်းအနက် ၂၉၄ ဦးမှာ တိုက်ပွဲကြောင့် သေဆုံးရခြင်းဖြစ်ပြီး တိုက်ပွဲကြောင့် မဟုတ်ဘဲ သေဆုံးသူ ၁၃၀ဦး ဖြစ်ကြောင်းသိရသည်။

မေ ၁ရက် သို့မဟုတ် မေ ၁ ရက်မှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၂၈၆ ဦးဖြစ်ရာ တိုက်ပွဲကြောင့် ၁၈၀ နှင့် တိုက်ပွဲကြောင့် မဟုတ်ဘဲ သေဆုံးသည့် တပ်ဖွဲ့ဝင်၁၀၆ဦး ဖြစ်သည်ဟု ကာကွယ်ရေးဌာနက ပြောဆိုသည်။

စစ်ပွဲစတင်သည်မှာ တိုက်ပွဲကြောင့် ဒဏ်ရာရသူ ၂၀၅၄ ဦး ဖြစ်ပြီး တိုက်ပွဲကြောင့် မဟုတ်ဘဲ ဒဏ်ရာရသူ ၃၄၇ဦး ဖြစ်ကြောင်း သောကြာနေ့၌ ကာကွယ်ရေး ဌာနက နောက်ဆုံးထုတ်ပြန်သော ကိန်းဂဏန်းအရ သိရသည်။

ဗြိတိသျှစစ်ဘက်ဆိုင်ရာက အီရတ်၌သေဆုံးသော ဗြိတိသျှတပ်ဖွဲ့ ဝင် ၅၂ဦး ရှိကြောင်း ကြေညာပြီး အီတလီ ၁၇ ဦး၊ ဒိန်းမတ်၊ စပိန်၊ ယူကရိန်းနှင့် ပိုလန်တို့က တစ်ဦးစီသေဆုံးကြောင်း သိရသည်။ **(အင်တာနက်)**

# အီရတ်၌သေဆုံးခဲ့သော ဗြိတိသျှတပ်ဖွဲ့ဝင်၏ ဖခင် ဘုရှ်နှင့်တွေ့လိုသော်လည်း ဘုရှ်နှင့် လက်ဆွဲနှုတ်မဆက်လို

**လန်ဒန် နိုဝင်ဘာ ၂၁**

အီရတ်တွင် သေဆုံးခဲ့ရသည့် တပ်ဖွဲ့ဝင် သောမတ်စ်၏ဖခင်ဖြစ်သူ ရက်ဂ်ကီးသည် ယခုသီတင်းပတ်၌ ဂျော့ဒဗလျူဘုရှ်က တွေ့ဆုံရန် ဖိတ်ကြားခံရသော အီရတ်၌သေဆုံးသည့် ဗြိတိသျှစစ်မှုထမ်းများ၏ မိသားစုများစာရင်းတွင် မပါသော်လည်း ရက်ဂ်ကီးသည် ဘုရှ်နှင့် တွေ့ဆုံလိုခဲ့သည်။ အမေရိကန်သမ္မတကိုပြောရန် သူ့၌ သတင်းစကားများရှိခဲ့သည်။

"ကျွန်တော်သူ့ကို တွေ့လိုပါသည်။ သို့သော် သူနှင့်တော့ လက်ဆွဲ မနှုတ်ဆက်လိုပါ။ သူ့လက်တွင် ကျွန်တော့်သား၏ သွေးများနှင့် စွန်းနေ၍ ဖြစ်ပါသည်"ဟု၍ ရက်ဂ်ကီးက ပြောဆိုသည်။

ဘုရှ်နှင့် အီရတ်၌သေဆုံးခဲ့ကြသော တပ်ဖွဲ့ဝင်များ၏မိသားစုများ တွေ့ဆုံရန်အတွက် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ မိသားစုများစာရင်းကို ပြုစုခဲ့သည်။ သို့ရာတွင် ဝန်ကြီးချုပ်တိုနီဘလဲက ထိုမိသားစုများသည် သမ္မတဘုရှ်အတွက် အခက်ဖြစ်စေမည်ဆိုသည်ကို သိရှိထားပြီး ဖြစ်သည်။

လွန်ခဲ့သည့်လများတွင် အီရတ်၌ သေဆုံးသောတပ်ဖွဲ့ဝင်များ၏မိဘများနှင့်ကျန်ရစ်သူဇနီးသားမယားများသည် စစ်ပွဲကို ဝေဖန်ပြစ်တင်ကြသူများအဖြစ် ပေါ်ထွက်လာခဲ့ကြသည်။

တပ်ကြပ် သောမတ်စ်ကီး (၂၀နှစ်)သည် ဇွန်လ၂၄ရက်၌ ဘာဆာ ရာအနီး မြို့တစ်မြို့တွင် အီရတ် ရဲအဖွဲ့ကို လေ့ကျင့်သင်ကြားပေးနေခိုက် ဒေါသထွက်နေသောလူအုပ် လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။ **အမ်အင်အေ၊ရိုက်တာ**

နိုဝင်ဘာ ၂၀ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ စစ်ဆေးရေးစခန်းတစ်ခု၌ လက်နက်ကိုင်ကျူးကျော်တိုက်ခိုက်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး၏ စစ်ဆေးမေးမြန်းချက်ကို အီရတ်တစ်ဦးက ဖြေကြားနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုဝင်ဘာ ၂၀ရက်က အီရတ်နိုင်ငံ ကယ်ကွတ်မြို့အခြေစိုက် အီရတ် လေတပ်စခန်း ဝင်ပေါက်၌ လုံခြုံရေးအတွက် စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်တို့ အီရတ်မှ ထွက်ခွာသင့်ဟု ဘရာဇီးတစ်ဦးပြောဆို

***ရီယိုဒီဂျနေရိုး နိုဝင်ဘာ ၂၁***

*အီရတ်စစ်ပွဲနှင့်ပတ်သက်ပြီး စီအင်န်အင်န်သတင်းဌာန၏ အိုးပင်းဖိုရမ်အစီအစဉ်သို့ နိုင်ငံတကာမှ ရုပ်မြင်ပရိသတ်များက ၎င်းတို့၏ သဘောထားများကို ပေးပို့လျက်ရှိကြရာ အမေရိကန်သမ္မတဘုရှ်သည် တစ်ကမ္ဘာလုံးက ဆန့်ကျင်ကန့်ကွက် ခဲ့သည့် အီရတ်စစ်ပွဲကို ဆင်နွှဲတိုက်ခိုက်ခဲ့ခြင်းဖြင့် အစောပိုင်းကတည်းက မှားယွင်းမှုတစ်ခု ကျူးလွန်ခြင်းဖြစ်ကြောင်း၊ ရုပ်ထွေးလှသည့် အီရတ်အရေးကိစ္စထဲ အမေရိကန်ပြည်ထောင်စုကို သမ္မတဘုရှ်က ဆွဲသွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဘုရှ်ကြောင့် ကုလသမဂ္ဂအဖွဲ့ သြဇာကျဆင်းသွားကြောင်း၊ အီရတ် နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက်ဆိုကာ အမေရိကန်ဒေါ်လာဘီလီယံ များစွာသုံးစွဲခဲ့သည့်အပြင် အမေရိကန်ပြည်သူများအတွင်း၌လည်း သဘောထားကွဲလွဲခဲ့ရကြောင်း၊ ထို့ပြင် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ် ပြောက်ကျားများက တိုက်ခိုက်သည့်အတွက် အသေအပျောက်များလျက် ရှိခြင်းကြောင့် အမေရိကန်တို့သည် အီရတ်နိုင်ငံမှ ထွက်ခွာသွားသင့်ကြောင်း ဘရာဇီးရုပ်မြင်ပရိသတ်တစ်ဦးက ရေးသားပေးပို့ထားသည်။* ***(စီအင်န်အင်န်)***

# အာရှမြို့ကြီးများ ဆားစ်ရောဂါ တားဆီးရေး ပိုမိုပူးပေါင်းဆောင်ရွက်ရန်သဘောတူ

**ဟန်နွိုင်း နိုဝင်ဘာ ၂၁**

အဓိကမြို့ကြီး ၂၁မြို့၏ အာရှ ကွန်ရက် (အေအင်အမ်စီ ၂၁)၏ တတိယအကြိမ်မြောက်နှာ စုံညီအစည်းအဝေး၌ ကိုယ်စားလှယ်များသည် ကူးစက်မြန်ပြင်းထန် အဆုပ်ရောင်ရောဂါ (ဆားစ်)ရောဂါ ကာကွယ်ရေးတွင် မြို့ကြီးများအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရန်သဘောတူကြသည်။ ဆားစ်ရောဂါ ကာကွယ်ရေးတွင် အတွေ့အကြုံနှင့်သတင်းအချက်အလက်မျှဝေမှု နယ်ပယ်၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းသည် အာရှရှိ အဓိကမြို့ကြီးများအတွက် အလွန် အရေးကြီးကြောင်း ဗုဒ္ဓဟူးနေ့က ဖွင့်လှစ်ခဲ့သော အစည်းအဝေး၏ အခြားတွေ့ဆုံဆွေးနွေးပွဲတွင် တရုတ် ပီကင်းမြို့ နီစီပယ် ဒုတိယမြို့တော်ဝန် ဇန်မာယိုက ဆင်ဟွာသို့ ပြောသည်။

ဆားစ်နှင့် ဆက်နွှယ်သည့် သတင်းအချက်အလက်အားလုံးသည် ဝက်ဆိုက်ပေါ်တွင် ရှိသင့်ကြောင်း၊ ထိုသို့အားဖြင့် ကွန်ရက်အတွင်းရှိ မြို့များသာမက အခြားမြို့များသည်လည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဒေလီမြို့၏ ကိုယ်စားလှယ်များက ပြောသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

# ဘုရှ်၏ ပုံတူရုပ်ပုံ လန်ဒန်မြို့လယ်၌ ဆန္ဒပြသူများက ဖြိုလှဲချပြီးမီးရှို့

လန်ဒန် နိုဝင်ဘာ ၂၁

**ဆန္ဒပြသူထောင်သောင်းမကသည့် လန်ဒန်မြို့လယ်ကောင်၌ ကြာသပတေးနေ့က ချီတက်ခဲ့ကြပြီး အီရတ်စစ်ပွဲနှင့်ဝန်ကြီးချုပ် တိုနီဘလဲက အီရတ်ကျူးကျော်စစ်ကို ထောက်ခံခဲ့သည့်အတွက် ၎င်းတို့၏ ဒေါသကိုပြသရန် အရှည်၁၇ပေရှိသော စက္ကူပျော့ဖတ်ဖြင့်လုပ်ထား သည့် သမ္မတဘုရှ်၏ ပုံတူရုပ်တုကြီး ဖြိုလှဲချကာ မီးရှို့ခဲ့ကြသည်။**

**တူရကီတွင် ဗြိတိသျှတို့ကိုပစ်မှတ်ထားပြီး ဗုံးခွဲတိုက်ခိုက်အပြီး၌ အကြမ်းဖက်မှုကို တစ်လက်မအလျှော့မပေး ကြောင်း ဘုရှ်နှင့် ဘလဲတို့က သန္နိဋ္ဌာန်ပြုခဲ့ကြရာ ဆန္ဒပြသူများက ခေါင်းဆောင်နှစ်ဦး၏ ရင်းနှီးသော ဆက်ဆံမှုသည် သူတို့အား စိတ်မသက်မသာ အကြီးအကျယ်ဖြစ်စေကြောင်း ပြောဆိုခဲ့ကြသည်။**

**မိမိတို့နိုင်ငံကို ဘုရှ်ဦးဆောင်နေပုံ ရခြင်းအတွက် မိမိဒေါသဖြစ်ကြောင်း၊ ဘာကြောင့် ဘလဲက ဘုရှ်နှင့် မဟာမိတ်အဖြစ်ပေါင်းသင်းနေသည်ကို မိမိနားမလည်နိုင်ကြောင်း ချီတက်ဆန္ဒပြသူ တက်ဒ်အက်ဒ်ဝပ်က ပြောဆိုသည်။**

**ဆန္ဒပြသည့် လူအုပ်ထဲမှ အများက လူနှစ်ဒါဇင်သေဆုံးခဲ့ရသော အစ္စတန်ဘူလ်၌ ကြာသပတေးနေ့က ဗုံးပေါက်ကွဲမှုကြောင့် အီရတ်၌ ကျင့်သုံးသော အမေရိကန်-ဗြိတိသျှမူဝါဒကို ဆန့်ကျင်ရန် မိမိတို့သန္နိဋ္ဌာန်ကို ပိုခိုင်မာစေခဲ့ကြောင်း ပြောဆိုကြသည်။** (အင်တာနက်)

# သက်ကြီးစာပေပညာရှင်ကြီးများပူဇော်ကန်တော့ပွဲကျင်းပရေးညှိနှိုင်း ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအမှာစကားပြောကြားပြီးအလှူငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၂

**မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကား ပြောကြားသည်။**

ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင် (သန်းမောင်)နှင့် ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဖိတ်ကြားရေးလုပ်ငန်းကော်မတီ၊ ကန်တော့ပစ္စည်းထုပ်ပိုးရေးလုပ်ငန်းကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ ကြိုဆို နေရာချထားရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီနှင့်ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီတို့မှဥက္ကဋ္ဌများက ပူဇော်ကန်တော့ပွဲ ကျင်းပရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဇနီးဒေါ်ကြည်ကြည်ဝင်းမိသားစုက သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေကျပ် ငါးသောင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့်ဇနီး မိသားစုက အလှူငွေကျပ်တစ်သောင်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က လက်ခံယူသည်။

(သတင်းစဉ်)

## အမျိုးသားစာပေ အောင်ဆုမြွေ

- နှစ်တစ်ရာ စာတစ်လုံးပါတဲ့
  စာလုံးတွေ စီသွယ်လို့
  ပန်းချီနှယ် အလှတိုးစေဖို့
  ကြိုးစားရှာဖွေ ပြုလိုက်ပြန်တော့
  အမျိုးသားစာပေဆုကိုဖြင့်
  သဟာဆွေ တစ်စု ရခဲ့ပြီ။
- အောင်အတိတ်ရယ်နဲ့
  အောင်နိမိတ် ဆောင်ကာတည်တဲ့
  အောင်ဌာနီ အောင်ပြည်သားတွေအတွက်
  အားတက်မိသည်။
- စွမ်းအင်ဖြာ
  ကျွမ်းကျင်ရာ လိမ္မာစမြဲပေမို့
  အားခဲကာ ပြည့်အကျိုးကိုဖြင့်
  သယ်ပိုး စာပေဝန်၌
  ကျေပွန်စွာ အမျိုးသားရေး
  နိုးကြားသွေး အားမာန်ချီ
  ဆွတ်ချူပြီ အောင်ပန်း။
- ဝမ်းမြောက်ပါသည်
  ကျွမ်းသလောက် စာစီလို့
  မြန်မာပြည် သာစည်ရေးကိုဖြင့်
  အလှတွေးကာ နှစ်ဆရေးကြစို့ရဲ့
  "ဘေးမသန်းတဲ့ စံဌာနီ"
  "အေးချမ်းတဲ့ မြန်မာပြည်"
  ကမ္ဘာအရည် တည်အောင်မှန်းပါလို့
  စာပန်းချီ ကလောင်စွမ်းတွေနဲ့
  လမ်းပြသူ ကိုယ်စီ ဖြစ်ဖို့ရယ်(ကွယ်...)
  အားသစ်လိုက်စမ်း။ ။

(အမျိုးသားစာပေဆုရှင်များသို့ ဂုဏ်ပြုလျက်)

မြင်းမူမောင်နိုင်မိုး

## ဒါတွေကိုသိဖို့လိုတယ်

- ❖ မြောက်တိုင်းလည်း မမြောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

### ● စာဆိုတော်နေ့မှ

ပွဲတော် ကျင်းပရခြင်းအကြောင်းကိုလည်းကောင်း၊ ဝတ္ထုရှည် မြန်မာနှစ်တစ်ရာပြပွဲ ဥက္ကဋ္ဌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)က ဝတ္ထုရှည် မြန်မာနှစ်တစ်ရာပြပွဲ ကျင်းပရခြင်းအကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဖွင့်လှစ်ပေး**

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)တို့က ဖဲကြိုးဖြတ်၍ စာအုပ် ဈေးပွဲတော်နှင့် ဝတ္ထုရှည် မြန်မာနှစ်တစ်ရာပြပွဲကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဝတ္ထုရှည် မြန်မာနှစ်တစ်ရာပြပွဲ ပြခန်းတွင် ပထမဦးဆုံး မြန်မာဝတ္ထုရှည်ဖြစ်သော မောင်ရင်မောင် မမယ်မ ဝတ္ထုကို ရေးခဲ့သည့် စာရေးဆရာကြီး ဂျိမ်းစ်လှကျော်၏ ဓာတ်ပုံကြီးကို မြေးဖြစ်သူ ဒေါ်ခင်ထားဦးနှင့် မြစ်ဖြစ်သူ မွန်မွန်ဂျိမ်းစ်လှကျော်တို့က ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)တို့က လက်ခံကြပြီး ဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ဝတ္ထုရှည် မြန်မာနှစ်တစ်ရာပြပွဲ၊ ပြခန်းတွင် ခင်းကျင်းပြသထားသော စာအုပ်များကို လှည့်လည်ကြည့်ရှု လေ့လာကြပြီး စာအုပ်ဈေးပွဲတော်၌ ဖွင့်လှစ် ရောင်းချလျက်ရှိသော စာအုပ်ဆိုင်များကို လိုက်လံကြည့်ရှုအားပေးကြသည်။

**ဖွင့်လှစ်ရောင်းချသွားမည်**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က နှစ်စဉ်စာဆိုတော်နေ့ အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် စာအုပ်ဈေးပွဲတော်ကိုကျင်းပခဲ့ရာ ယခုနှစ်တွင် ကာလပေါ် မြန်မာဝတ္ထုရှည်နှစ်တစ်ရာပြည့်ချိန်ကာလနှင့် တိုက်ဆိုင်နေသဖြင့် ၁၉၀၄ခုနှစ်မှ ၂၀၀၃ခုနှစ်အတွင်း ရေးသားထုတ်ဝေခဲ့သောမြန်မာဝတ္ထုရှည် စာအုပ်များကို စုဆောင်းကာ ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲကိုပါ ခင်းကျင်း ပြသထားပြီး စာအုပ်ဈေးပွဲတော်၌လည်း စာအုပ်ဆိုင် ၅၈ ဆိုင်တို့က ဘာသာရပ် မျိုးစုံစာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ယနေ့မှစ၍ နိုဝင်ဘာ ၃၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၁၃၆၅ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်စာအုပ်ဈေးပွဲတော်နှင့် ဝတ္ထုရှည် မြန်မာနှစ်တစ်ရာ ပြပွဲ ပြခန်းတွင် ခင်းကျင်းပြသထားသော စာအုပ်များကို လှည့်လည်ကြည့်ရှုစဉ်။**

(သတင်းစဉ်)

၁၃၆၅ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်

# စာအုပ်ဈေးပွဲတော်

နှင့်

# ဝတ္ထုရှည် မြန်မာနှစ်တစ်ရာပြပွဲ

၂၂-၁၁-၂၀၀၃ မှ ၃၀-၁၁-၂၀၀၃ ထိ

စာအုပ်ဈေးပွဲတော် နှင့် ဝတ္ထုရှည်မြန်မာ နှစ်တစ်ရာပြပွဲ | နံနက် (၉:၀၀) နာရီမှ ညနေ (၅:၀၀) နာရီအထိ

[illegible]

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၅ခုနှစ် တန်ဆောင်မုန်းလကွယ်နေ့ ၂၃-၁၁-၂၀၀၃ (တနင်္ဂနွေနေ့) (ဥပုသ်နေ့) နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာ့ပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ယူးချောင်းတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Say it in English

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ ကျိုက်မရောဆုတောင်းပြည့် ဘုရား ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်မှုလုပ်ငန်းများ (မွန်ပြည်နယ်၊ ကျိုက်မရောမြို့)
- ၁၁:၃၀ ၄။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"**(အပိုင်း-၁၈)
- ၁၂:၂၀ ၆။ Milo Success in Soccer
- ၁၂:၃၅ ၇။ **"ဖုံချစ်သူ"** (ဇော်ဝမ်း၊ ရူပ၊ မင်းသူ၊ သတ္တိ၊ မင်းညီ၊ ခိုင်နှင်းဝေ၊ ဇာနည်မောင်) (ဒါရိုက်တာ-သုမောင်)
- ၁၃:၂၅ ၈။ ပျော်ပျော်ရွှင်ရွှင်ဝင်ကာရွဲ တောင်ကြီးမြို့ရဲ့ တန်ဆောင်တိုင်ပွဲ
- ၁၃:၃၅ ၉။ လောကနီတိ(၄) **"လုပခြင်း၏အဓိပ္ပာယ်"** (အကယ်ဒမီဇင်ပိုင်း၊ နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊ စုချစ်ဇော်) (ဒါရိုက်တာ-ဦးခင်ဇော်)
- ၁၄:၁၅ ၁၀။ ကိုးကန့်တိုင်းရင်းသားတို့ရဲ့ ဂျင်ပေါက်ပွဲ
- ၁၄:၃၀ ၁၁။ သုံးဆယ်ရေလှောင်တမံ
- ၁၄:၄၅ ၁၂။ International News
- ၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
**တစ်နှစ်တာအတွင်း ပြည်နယ်နှင့်တိုင်းအလိုက် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောထွန်းကျော်လင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)**

**တစ်နှစ်တာအတွင်း ပြည်နယ်နှင့် တိုင်းအလိုက် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစံလင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)**



**တစ်နှစ်တာအတွင်း ပြည်နယ်နှင့် တိုင်းအလိုက် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စုစုလှိုင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)**

**တစ်နှစ်တာအတွင်း ပြည်နယ်နှင့်တိုင်းအလိုက် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းသီဂီ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)**

## စိန်ဘုရား ဗုဒ္ဓပူဇနိယ ပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၂**

နတ်မောက်မြို့နယ် တောင်ဒေါင့်ကျေးရွာ၌ နိုဝင်ဘာ ၇ရက်နှင့် ၈ရက် ညနေ ၄ နာရီက ကျင်းပသည့် စိန်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်တွင် စိန်ဘုရားအား ဆင်ဖြူတော်ပေါ် ပင့်ဆောင်ပြီး ဖူးမြော်အကြည်ညိုခံကြရာ ဒေသခံပြည်သူ သုံးသောင်းကျော်တို့ လာရောက် ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

(၁၅၆)

## မြိုးမြဲဈေးတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

# စာအုပ်ဈေးပွဲတော် နွှဲကြစို့ တူပျော်ပျော်

**မောင်မြင့်ကြွယ်**

နိုဝင်ဘာ ၁၉ ရက်နေ့ နံနက်ခင်းက နယ်မှလာသော သူငယ်ချင်း တစ်ယောက် ကျွန်တော့်ထံ တယ်လီဖုန်းဆက်သည်။ သူရန်ကုန်တွင် နိုဝင်ဘာ လကုန်အထိ နေရမည်ဖြစ်ကြောင်း ပြောသည်။

"အေးကွာ၊ မင်းရန်ကုန်ကို ရောက်လာတာနဲ့အတော်ပဲ၊ မင်းကိုစာအုပ်ဈေးပွဲ တော်ကို ခေါ်သွားရဦးမယ်"

"လိုက်တာပေါ့ကွာ၊ မင်း အဲဒီစာအုပ်ဈေးပွဲတော်က ဘယ်နေရာမှာ လုပ်မှာလဲ"

"ဒီတစ်ခါ စာအုပ်ဈေးပွဲတော်ကိုတော့ ဗိုလ်အောင်ကျော်လမ်း အထက် ဘလောက်မှာရှိတဲ့ 'ရန်ကုန်ဂေဇက်'မှာ ကျင်းပမှာကွ"

"အဲဒီ ရန်ကုန်ဂေဇက် ဆိုတာကို ငါအရင်ကကြားဖူးပါတယ်။ အဲဒါက ဘယ်နားမှာလဲ"

"ရန်ကုန်ဂေဇက်ဆိုတာ မင်း ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း ကားမောင်း လာခဲ့၊ ပန်းဆိုးတန်းလမ်းကိုကျော်ပြီးရင် မင်းပထမဆုံးတွေ့တဲ့ လမ်းကျယ်ဟာ ဗိုလ်အောင်ကျော်လမ်းပဲ။ ညာဘက်ကိုချိုးဝင်လိုက်ရင် တိုက်တစ်လုံးကိုကျော်တာ နဲ့ ရန်ကုန်ဂေဇက်ကို မင်းတွေ့ရမှာပဲ။ သူ့ရှေ့ဘက်မှာ စိန်မေရီဘုရားရှိခိုးကျောင်း ရှိတယ်။ ရန်ကုန်ဂေဇက်က ဆင်ဝင်နှစ်ခုနဲ့ သုံးထပ်တိုက်ကြီးကွ"

"ဟုတ်ပါပြီ၊ မင်းပြောတဲ့ ရန်ကုန်ဂေဇက် အကြောင်း နည်းနည်းလောက် ရှင်းပြစမ်းပါဦး"

"ဒီလိုကွာ၊ အင်္ဂလိပ်တွေက မြန်မာနိုင်ငံအောက်ပိုင်းနဲ့ မြန်မာနိုင်ငံ တစ်ဝန်းလုံးကို သိမ်းယူပြီးတဲ့အခါ ရန်ကုန်မြို့မှာ ပုံနှိပ်တိုက်တွေ အသီးသီး ပေါ်ပေါက်လာတယ်။ အစိုးရပုံနှိပ်တိုက်၊ အေဘီအမ်လို့ခေါ်တဲ့ အမေရိကန် သာသနာပြုပုံနှိပ်တိုက်၊ မြန်မာသံတော်ဆင့်ပုံနှိပ်တိုက်၊ ဗြိတိသျှဘားမားပုံနှိပ်တိုက်၊ ရန်ကုန် ဂေဇက်ပုံနှိပ်တိုက်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက် စသည်စသည်ဖြင့် ပုံနှိပ်တိုက်ကြီးတွေ ပေါ်ပေါက်လာခဲ့ကြတယ်။ ၁၈၇၂ ခုနှစ် တုန်းက အောက်မြန်မာနိုင်ငံမှာ ပုံနှိပ်စက် ၁၆လုံးတောင် ရှိခဲ့တယ်လို့ ဆိုတယ်"

"အဲဒီ မင်းပြောတဲ့ ရန်ကုန်ဂေဇက်ပုံနှိပ်တိုက်က ဘာတွေကို ရိုက်နှိပ် ခဲ့သလဲ"

"တိတိကျကျတော့ ငါမသိဘူး၊ ဒါပေမယ့် ၁၈၆၀ ခုနှစ်မှာ 'ရန်ကုန် ဂေဇက်'အမည်နဲ့ တစ်ပတ်နှစ်ကြိမ်ထုတ် သတင်းစာတစ်စောင် ပေါ်ထွက် လာတယ်။ ၁၈၈၃ ခုနှစ်ကျတော့ နေ့စဉ်သတင်းစာ ဖြစ်လာတယ်။ အဲဒီသတင်း စာကို ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာတဲ့ ၁၉၄၁ ခုနှစ်အထိ အဆက်မပြတ် ထုတ်ဝေခဲ့တယ်။ ၁၉၄၅ ခုနှစ် စစ်ကြီးပြီးတဲ့အခါကျတော့ သတင်းစာဆက်မထုတ် တော့ဘဲ ရန်ကုန်ဂေဇက်လီမိတက်အနေနဲ့ သာမန်ပုံနှိပ်လုပ်ငန်းတွေကိုသာ လုပ်ကိုင်ခဲ့တယ်လို့ ငါသိရတယ်။ ဒီတော့ ရန်ကုန်ဂေဇက်ပုံနှိပ်တိုက်နဲ့ ရန်ကုန် ဂေဇက်သတင်းစာတွေဟာ စကတည်းက ဆက်စပ်မှုရှိခဲ့မှာပဲလို့ ငါတွေးမိတယ်"

"ထားပါတော့ကွာ၊ အဲဒီ ရန်ကုန်ဂေဇက်လီမိတက်က ဘာစာအုပ်တွေ ကို ပုံနှိပ်ခဲ့သလဲ၊ မင်းသိသလောက်ပြောပြပါဦး"

"အေး– ငါမှတ်မိသလောက်ပြောရရင် ၁၉၅၂ခုနှစ်တုန်းက ပဥ္စမတန်း အတွက် ဒေါင်းတံဆိပ်ဖတ်စာအုပ်ကို ရိုက်နှိပ်ပေးခဲ့တယ်၊ စာအုပ်ရဲ့ ကျောဘက် မှာတော့ ဗန္ဓုလစတေရှင်နရီ ဆပ်ပလိုင်း အမှတ် ၂၇၅–၂၇၇ မောင်ထော် လေးလမ်းက တစ်ပြည်လုံးကို ဖြန့်ချိသည်လို့ ပုံနှိပ်ထားတယ်"

"ဒီတစ်အုပ်တည်းပဲလား"

"နှစ်ကျပ်တန် တတိယတန်း ဒေါင်းတံဆိပ်ဖတ်စာအုပ်ကို ၁၉၅၄ ခုနှစ်က British Burma Press, Rangoon Gazetter Ltd. မှာ ပုံနှိပ်သည်လို့ ဖော်ပြ ထားတယ်။ စတုတ္ထတန်းအတွက် နှစ်ကျပ်လေးပဲတန် ဒေါင်းတံဆိပ် ဖတ်စာအုပ် ကတော့ ထူးခြားတယ်မောင်ရင်"

"ဘာများထူးခြားတာလဲ၊ ပြောစမ်းပါဦး"

"အဲဒီစာအုပ်မှာ တည်းဖြတ်သူ နာမည်ပါလာတယ်။ အဲဒီစာအုပ်ကို မောင်ရွှေကြူးနှင့် ဆရာလင်းတို့က တည်းဖြတ်သည်လို့ ဖော်ပြထားတယ်ကွ။ ၁၉၆၀ ပြည့်နှစ်ကျတော့ ရန်ကုန် ဂေဇက်လီမိတက်က တစ်ကျပ် ၂၅ ပြားတန် သူငယ်တန်းဖတ်စာ၊ တစ်ကျပ် ငါးဆယ်ပြားတန် ပထမတန်း ဖတ်စာအုပ်တွေကို ရိုက်နှိပ်ခဲ့တယ်"

"မင်းက ဒီလောက်တောင် အသေးစိတ်ပြောပြနိုင်တာ မင်းဆီမှာ အဲဒီ စာအုပ်တွေရှိလို့လား"

"ငါ့ဆီမှာ ဘယ်ရှိမလဲကွ၊ ဒါပေမယ့် ဆရာချစ်စံဝင်းဆီမှာ ရှိတယ်။ သူ့ကို မေးမြန်းထားလို့ အခုလို မင်းကိုပြောပြနိုင်တာပေါ့"

"ကောင်းပါပြီ၊ အဲဒီပုံနှိပ်တိုက်က ဒေါင်းတံဆိပ်ဖတ်စာအုပ်တွေအပြင် ဘာတွေကို ရိုက်ခဲ့သေးသလဲ"

"ငါမှတ်မိသလောက် Lessons in English 1-12 အထိ ရိုက်နှိပ်ခဲ့တယ်။ ၁၉၆၉ ခုနှစ်လောက်ကျတော့ ပြည်သူပိုင်း သိမ်းပြီး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေ ရေးလုပ်ငန်းအောက်ကို ရောက်လာတယ်။ အဲဒီအဆောက်အအုံမှာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ရုံးချုပ်)က ရုံးဖွင့်ခဲ့သေးတယ်"

"နေပါဦး၊ မင်းက ဘာဖြစ်လို့ ဒီလောက်အထိ ရန်ကုန်ဂေဇက်အကြောင်း ရှည်ရှည်ဝေးဝေး ရှင်းပြနေရတာလဲ"

"အံမယ်၊ မင်းမေးလို့ ပြောပြရတာပါကွာ။ ဒါပေမယ့် ငါပြောချင်တဲ့ ရည်ရွယ်ချက်ကတော့ ရန်ကုန်ဂေဇက်ပုံနှိပ်တိုက်လို ပုံနှိပ်လုပ်ငန်း၊ စာပေ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး အစဉ်အလာရှိခဲ့တဲ့ အဆောက်အအုံကြီး တစ်ခုမှာ စာအုပ်ဈေးပွဲတော်ကို ကျင်းပနိုင်တာဟာ စာပေနဲ့ ပတ်သက်ပြီး တကယ့် ရေခံမြေခံကောင်းတဲ့ နေရာမှာ ကျင်းပနိုင်တာပဲဖြစ်တယ်။ ဒါကြောင့် ဒီနေရာကို စာချစ်တဲ့ ပရိသတ်တွေ မလွဲမသွေအုံနဲ့ကျင်းနဲ့ ရောက်လာကြမှာပဲလို့ ပြောချင်တာပါ"

"အဲဒီ အဆောက်အအုံကြီးက ဘယ်လောက်လောက် ကျယ်ဝန်းလို့လဲ၊ စာအုပ်ဆိုင်တွေကရော ဘယ်နှဆိုင်လောက် လာရောင်းကြမှာလဲ"

"တိုက်ကြီးက အကြီးကြီးကွ၊သုံးထပ်တိုက်ကြီး။အဲဒီတိုက်ကြီးရဲ့မြေညီ ထပ်မှာ စာအုပ်ဆိုင်ပေါင်း ၂၀ရှိမယ်၊အဲဒီဆိုင်တွေကတော့ ဇော်စာပေ၊ပန်းမျိုး တစ်ရာစာပေ၊ဒိုင်းခင်ခင်၊စာပေဗိမာန်၊သတင်းနဲ့စာနယ်ဇင်း၊ရန်အောင်စာပေ၊မုံရွေး၊ သီဟရတနာ၊စိတ်ကူးချိုချို၊သစ္စာစာပေ၊ပန်းရွှေပြည်၊တော်ဝင်မြို့မ၊အေဝမ်း၊ခရေဖူး၊ ကံ့ကော်ဝတ်ရည်၊ အမြင်သစ်၊ ဝင်းညီနောင်၊ ဆုလတ်ပြည့်၊ယောမင်းကြီး၊ စာပေလောကဆိုတဲ့ စာအုပ်ဆိုင်တွေပဲ"

"အပေါ်ထပ်မှာရော ရှိသေးသလား"

"ရှိတာပေါ့ကွ၊ပထမထပ်မှာ ၃၄ဆိုင်ရှိတယ်၊အင်းဝစာအုပ်တိုက်၊ကွာလတီ၊ စံပယ်ဖြူ၊စိုးအောင်စာပေ၊ဖိုးသင်းနိုင်၊ကြည်သာ၊မြင့်မိုရ်(၁)၊ သက်အေးစာပေ၊ မိခင်ဧရာဝတီ၊ အရုဏ်သစ်၊ ဂျပန်ကြီး၊ ရာပြည့်၊မြင့်မိုရ်(၂)၊ ရောင်ခြည်ဦး၊ပြုံးစာပေ၊ ဝေယံမော်၊ စောဟန်စာပေ၊ အမေစာပေ၊ မြတ်ရတနာစာပေ၊ သာလွန်၊မြန်မာ့ရန့်၊ ကံကြီးမြင့်၊ ထက်မြက်အောင်၊ သီဟရတနာ၊ ပါရမီ၊ အောင်ပြည့်စုံ၊ မျိုးဆက်သစ်၊ ရန်သိမ်းစာပေ၊ သတင်းကောင်း၊ ကျော်ဝင်း၊ ယင်းမာလှိုင်၊ ဒိုင်းခင်ခင်ဆိုတဲ့ စာအုပ်ဆိုင်ကြီးတွေပဲ။ မင်းအခုလို စာအုပ်ဆိုင်ကြီးတွေကို တစ်နေရာတည်းမှာ စုစုဝေးဝေး တွေ့ရဖို့ ဘယ်လွယ်ပါ့မလဲ"

"အေးပါကွာ၊ မင်းနဲ့ငါ အဲဒီစာအုပ်ဈေးပွဲတော်ကို မရောက်ရောက်အောင် သွားကြမယ်ကွာ။ ဒါနဲ့ မင်းပြောတော့ အဲဒီအဆောက်အအုံက သုံးထပ်ဆို၊ အပေါ်ဆုံးထပ်မှာ ဘာတွေရှိသေးသလဲ"

"ဟာ–မင်းမေးမှ သတိရတယ်။ ရှိတာပေါ့ကွ၊အပေါ်ဆုံးထပ်မှာ စာအုပ်ဆိုင် ၄–၅ဆိုင်ရှိမယ်၊ ကိုဒါဝတ်၊ ကိုသက်မောင်မောင်နဲ့ကိုသန်းထွန်းတို့က စာအုပ်ဆိုင် တွေဖွင့်ကြမယ်၊ မောင်ရင် လှေကားက တက်လိုက်တာနဲ့ လှေကားထိပ်မှာ အဲဒီစာအုပ်ဆိုင်တွေကို တန်းတွေ့ရမှာပဲ"

"ဒါပဲလား"

"ဘယ်ဟုတ်မလဲကွ၊ အဲဒီအပေါ်ဆုံးထပ်မှာ **'ဝတ္ထုရှည်မြန်မာ နှစ်တစ်ရာ ပြပွဲ'**ဆိုတာရှိသေးတယ်။ အဲဒီပြပွဲကတော့ ၁၉၀၄ ခုနှစ်က ရေးသားထုတ် ဝေခဲ့တဲ့ **'မောင်ရင်မောင် မမယ်မ'**ဝတ္ထုနဲ့ **'ချဉ်ပေါင်ရွက်သည် မောင်မှိုင်း'** ဝတ္ထုနှစ်အုပ်တို့ကို အကြောင်းပြုပြီး မြန်မာကာလပေါ်ဝတ္ထု နှစ်တစ်ရာပြည့် အထိမ်းအမှတ်အနေနဲ့ ပြသထားတဲ့စာအုပ်ပြပွဲပဲ။ ဒါနဲ့စကားမစပ် မင်း**'မောင် ရင်မောင် မမယ်မ'**ဝတ္ထုကို ရေးသားခဲ့တဲ့ ဆရာကြီး ဂျိမ်းစ်လှကျော်ကို မြင်ဖူးသလား"

"ဘယ်မြင်ဖူးပါ့မလဲ"

"မင်းမြင်ဖူးချင်ရင် အဲဒီပြပွဲကိုသွား၊ ဂျိမ်းစ်လှကျော်ရဲ့မြေး ဒေါ်ခင်ထားဦးက ငါတို့မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးကို ငါးပေ 'X' သုံးပေရှိတဲ့ ဓာတ်ပုံကြီးတစ်ပုံ လှူဒါန်းထားတယ်။ ပြပွဲမှာ အဲဒီဓာတ်ပုံကြီးကို ပြထား တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာက မြန်မာအမျိုးသားတွေ ဘယ်လိုဝတ်စား ခဲ့ကြသလဲဆိုတာကိုလဲ မင်းမြင်တွေ့ရမယ်လေ"

"အခြားဘာတွေ ပြထားသေးသလဲ"

"လွတ်လပ်ရေးမရမီက ထုတ်ဝေခဲ့တဲ့ စာအုပ်တွေ၊ လွတ်လပ်ရေးရပြီး တဲ့နောက်ပိုင်းမှာ ထုတ်ဝေခဲ့တဲ့ စာအုပ်တွေ၊ ခေတ်အဆက်ဆက်မှာ ထင်ပေါ် ကျော်ကြား လူသိများခဲ့တဲ့ ဝတ္ထုစာအုပ်တွေ၊ ဆုရစာအုပ်တွေစသည်ဖြင့် စာအုပ်ပေါင်း ၇၀၀လောက်ကို မင်းတွေ့ရမြင်ရမှာပေါ့ကွာ"

"ဒါအကုန်ပဲလား"

"မကုန်သေးဘူးကွ၊ ဒီပြပွဲမှာ အင်မတန်ထူးခြားတဲ့ စာအုပ်တစ်အုပ်ကို ကုန်ကျစရိတ်သက်သက်၊ အမြတ်အစွန်းမယူဘဲ ကျပ်၂၀၀ တည်းနဲ့ ရောင်းချ မယ့် စာအုပ်တစ်အုပ်ရှိတယ်"

"ဘာစာအုပ်များလဲကွ"

ဝတ္ထုရှည်သမိုင်းကြောင်း နှစ်ပေါင်းတစ်ရာအတွင်းမှာ ထုတ်ဝေခဲ့တဲ့ ဝတ္ထုတွေထဲက ဝတ္ထုပေါင်း ၁၀၀၀ ကျော်ရဲ့အမည်တွေကို ဆရာချစ်စံဝင်း ပင်ပင်ပန်းပန်းပြုစုထားတဲ့ **'မြန်မာဝတ္ထုရှည်နှစ်၁၀၀ အုပ်၁၀၀၀'**ဆိုတဲ့ စာအုပ်ကွ၊ အဲဒီစာအုပ်က နောင်ဆိုရင် ရှားပါးစာအုပ်စာရင်းထဲမှာ ပါသွားလိမ့်မယ်"

"နောက်ဘာရှိသေးသလဲ"

"ရှိသေးတယ်မောင်ရင်၊ အာဆီယံနိုင်ငံတွေက ထုတ်ဝေတဲ့ စာအုပ်၊ စာရွက်စာတမ်းတွေကိုလဲ နမူနာအဖြစ် ပြသထားဦးမယ်။ အဲဒါအပြင် အထူးခြားဆုံး ပြကွက်တစ်ခုလဲ ရှိသေးတယ်ကွ"

"ဘာများပါလိမ့်"

"ဖော်အဲဗားကွန်ပျူတာအုပ်စုက ကွန်ပျူတာ ငါးလုံးနဲ့ e-Book အကြောင်း မျက်ဝါးထင်ထင်တွေ့မြင်ကြရအောင် လက်တွေ့လာပြကြမယ်။ အင်တာနက်ပေါ် မှာ မြန်မာစာအုပ်တွေကို တင်ပေးထားတဲ့အတွက် မြန်မာဝတ္ထုတွေ၊ ဂျာနယ် တွေ၊ သတင်းစာတွေကို ကမ္ဘာအရပ်ရပ်မှာ အင်တာနက်ကတစ်ဆင့် ဖတ်ရှုခွင့် ရနေကြပြီကွ"

"ဟာ– အဲဒါဝမ်းသာစရာ သတင်းကောင်းပဲ။ အဲဒီတော့ အဲဒီစာအုပ် ဈေးပွဲတော်နဲ့ ဝတ္ထုရှည်မြန်မာ နှစ်တစ်ရာပြပွဲတွေကို ဘယ်နေ့ကစပြမှာလဲ၊ ဘယ်နေ့အထိရှိနေမှာလဲ၊ ဘယ်အချိန်ပြထားမှာလဲ"

"စာအုပ်ဈေးပွဲတော်နဲ့ ပြပွဲကို နိုဝင်ဘာ ၂၂ရက်(စနေနေ့)မှ နိုဝင်ဘာ ၃၀ရက် (တနင်္ဂနွေနေ့)အထိ ကိုးရက်ဖွင့်လှစ်ထားမှာကွ။ နေ့စဉ်နံနက် ၉ နာရီက ညနေ ၅နာရီအထိ ပြသကြလိမ့်မယ်။ ဒီတော့ မင်းနဲ့ငါ လကုန်တဲ့ရက် အထိ စာအုပ်တွေ သွားဝယ်ကြ၊ ပြပွဲကိုလဲသွားပြီး လေ့လာ ကြည့်ရှု ကြရအောင်"

"စိန်လိုက်လေ သူငယ်ချင်းရာ၊ အခွင့်သာဆဲမှာ ငါတို့သူငယ်ချင်း နှစ်ယောက် စာအုပ်ဈေးပွဲတော်ကို ဝင်နွှဲကြသေးတာပေါ့ကွာ"

**တာချီလိတ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၀၃ ခုနှစ် (၈၃)နှစ်မြောက် အမျိုးသားနေ့နှင့် ၁၃၆၅ ခုနှစ် စာဆိုတော်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၂၅ ရက်က ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင်က အမှာစကားပြောကြားစဉ်။** (၄၂၀)

**ကြီးကြပ်ဆောင်ရွက်**

**ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးကျော်သူနှင့် ဒုတိယဦးစီးမှူး (အခွန်) ဦးမိုးလွင်တို့အဖွဲ့ နိုဝင်ဘာ ၆ရက်က ဗိုလ်ချုပ်လမ်းတစ်လျှောက် လမ်းလယ်ပန်းခုံများ ပြုပြင်မှုကို ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

23-11 (11).p65 1 11/23/03, 12:01 AM

# ဘိန်းအစားထိုးသီးနှံနှင့် အခြားသီးနှံများ တိုးချဲ့စိုက်ပျိုး သီးနှံအထွက်နှုန်းကောင်းမွန်ရေး ခေတ်မီစိုက်စနစ်အသုံးပြု

## ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဖွံ့ဖြိုးရေး စစ်ဆေးမှာကြား

ရန်ကုန် နိုဝင်ဘာ ၂၂

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ၁၅ရက် နံနက်ပိုင်းက မိုင်းတွမ်း တပ်နယ်ခန်းမ၌ မိုင်းတွမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်ရေးတို့ကို ဆွေးနွေး မှာကြားသည်။**

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် နိုဝင်ဘာ ၁၆ရက် ညနေပိုင်းတွင် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ မိုင်းဆတ်တပ်နယ်မှ ဗိုလ်မှူးကြီးတင်ယုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မိုင်းတုံမြို့သို့ရောက်ရှိပြီး မိုင်းတုံတပ်နယ် ပြည်ငြိမ်းအေးချမ်းခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် မိုင်းတုံမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ရွှေက မြို့နယ်အတွင်းစိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက နိုင်ငံတော်မှ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

### ဆွေးနွေးမှာကြား

ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် နိုဝင်ဘာ၁၇ရက် နံနက်ပိုင်းတွင် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့်အတူ မိုင်းဆတ်မြို့သို့ ရောက်ရှိပြီး မိုင်း ဆတ်တပ်နယ် ရန်ကြီးအောင်ခန်းမ၌ မိုင်းဆတ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သီရိရတနာ အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံရာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လမ်းပန်း ဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ဒေသတွင်း လမ်းများအား ရာသီမရွေး ဆက်သွယ်သွားလာနိုင်အောင်ပြုပြင် ဆောင်ရွက်ရေး၊ ဒေသဝမ်းစာ ဖူလုံရေးအတွက် လယ်ယာမြေများ တိုးချဲ့ ဖော်ထုတ်ဆောင်ရွက်ရေး၊ဘိန်းအစားထိုးသီးနှံနှင့် အခြားသီးနှံများလည်း တိုးချဲ့စိုက်ပျိုးဆောင်ရွက်ရေး၊ သီးနှံအထွက်နှုန်း ကောင်းမွန်ရေးအတွက် ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြု စိုက်ပျိုးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက်ဝိုင်းဝန်းပူးပေါင်းဆောင် ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေး၍တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများနှင့်အတူ မိုင်းဆတ်မြို့မှ မော်တော်ယဉ်များဖြင့် ထွက်ခွာရာ မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့သို့ ရောက်ရှိပြီး ဝမ်ပုံဆိပ်ကမ်း အခြေအနေကိုလည်းကောင်း၊ ရွှေတြိဂံဒေသ မြန်မာ–ထိုင်း–လာအို သုံးနိုင်ငံနယ်ခြား ကျောက်တိုင်ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**(၃၇)ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန် ရေစက်ချ အခမ်းအနားကို နိုဝင်ဘာ ၉ရက်က တပ်ကုန်းမြို့ ဗုဒ္ဓသာသနာပြုဗိမာန် တွင် ကျင်းပရာ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်သိန်းက ညောင်လွန်းကမ်းနား ကျောင်း ဆရာတော်ဘဒ္ဒန္တဇောတိကအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်စဉ်။ (၂၆၆)**

## ကဒ်ါအဖြေစုံထွက်ပြီ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ကျမ်းပြုစာချဆရာတော် ရွှေမြိုင်အရှင်ပဏ္ဍိတာဘိဝံသ အထူးစီစဉ်ပြုစုထားသော 'ကဒ်ါအဖြေစုံ' စာအုပ်ကို ထုတ်ဝေလိုက်သည်။**(ယာပုံ)**

အဆိုပါအထူးထုတ်စာအုပ်သည် ပါဠိပထမပြန်စာမေးပွဲ ငယ်၊ လတ်၊ ကြီး အတန်းပေါင်းစုံနှင့် အသင်းစာမေးပွဲဝင် စာသင်သားများ ကဒ်ါဝိတရဏီ အဋ္ဌကထာကျမ်းကိုလေ့လာသင်ယူပို့ချနေကြသော အရှင်မြတ်များ မေးခွန်းထုတ်ပုစ္ဆက အရှင်မြတ်များ အတွက် မရှိမဖြစ် လက်စွဲထားရမည့် စာအုပ်ဖြစ်သည်။



သစ္စာမဏ္ဍိုင်စာပေ အမှတ် ၂၃၊၆၂/၆၃ ရွှေတိဂုံဘုရားဈေး တောင်ဘက်မုခ် ဖုန်း–၀၉–၈၀ ၂၁၆၈၀၊ ၅၄၈၅၄၈ (အိမ်)၊ ၃၈၀၅၃၈ (ဆိုင်)သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်းသိရသည်။ **(က–ပ)**

**ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမတွင် နိုဝင်ဘာ ၁၇ရက်က စာကြည့်တိုက်ပညာ လေ့ကျင့်မှုဆင့်ပွားသင်တန်း အမှတ်စဉ် (၇/၂၀၀၃)ဆင်းပွဲအခမ်းအနား ကျင်းပရာ သင်တန်းတွင် ပထမဆုရ ဒေါ်သီသီစိုးအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပေါက်ကျော်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ

## စစ်ကိုင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သွားဖွားခန်းကြည့်ရှု

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် နိုဝင်ဘာ ၂၀ရက် ညနေ ၃နာရီတွင် အဖွဲ့ဝင်များ လိုက်ပါလျက် စစ်ကိုင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့သွားရောက်၍ သားဖွားခန်း အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုပြီး စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ဝေဝေခိုင်နှင့် ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ မိခင်နှင့်ကလေးများကို ကျန်းမာရေးစောင့်ရှောက်ရာတွင်ထိရောက်စွာ စနစ်တကျ လုပ်ဆောင်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အလှကုန်၊ လူသုံးကုန်ပစ္စည်း(ကုန်စည်)ပြပွဲ

## ရောဝတီတိုင်းနှင့် ကယားပြည်နယ်(လွိုင်ကော်မြို့)၌ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းနှင့် ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ခွင့်ပြုချက်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှု၊ သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ကူညီမှုဖြင့် ရန်ကုန်တိုင်း ရွှေခြင်္သေ့ သမဝါယမအသင်း လီမိတက်က ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ပုသိမ်မြို့ ကန်သာယာကွင်း၌ဒီဇင်ဘာ ၃ရက်မှ ၇ရက်အထိ လည်းကောင်း၊ ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၁၁ ရက်မှ ၁၅ ရက် အထိ လည်းကောင်း၊လွိုင်ကော်မြို့ ပြည်နယ်အားကစားကွင်း၌ ဇန်နဝါရီ ၁၂ ရက်မှ ၁၆ရက်အထိ စနစ်တကျ ကျင်းပရန် ရန်ကုန်တိုင်း ရွှေခြင်္သေ့သမဝါယမအသင်း လီမိတက်က စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

### စုံစုံလင်လင်

အဆိုပါ ဈေးရောင်းပွဲတော်၌ ဖိုးလပြည့်ကုမ္ပဏီလီမိတက်က အဓိက ပံ့ပိုးကူညီပြီး Scorpion C Plus, Lemon Tea Plus နှင့် 2 in 1 အားဖြည့်အချိုရည်များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး စားသောက်ကုန်များ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း အမျိုးမျိုး၊ ပလတ်စတစ်နှင့်ဖိုင်ဘာပစ္စည်းများ၊ ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာများ၊ စက်မှုလက်မှုနည်းပညာဆိုင်ရာ ပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေးအမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုးနှင့် အခြားလူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းများဖြင့်ရောင်းချပေးသွားမည်ဖြစ်သည်။

### ဆက်သွယ်ဆောင်ရွက်နိုင်

ပါဝင်ရောင်းချလိုသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ သမဝါယမအသင်းများနှင့် စက်မှုအသင်းများသည် ရန်ကုန်တိုင်း ရွှေခြင်္သေ့ သမဝါယမအသင်းလီမိတက် အဆောင်(၂) ပထမထပ် မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး(စီ)ရုံ၊ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၃၇၁၈၀၀(လိုင်းခွဲ)–၃၉၄၊ ၄၀၈၊ ဖုန်း–၂၄၀၆၀၀(လိုင်းခွဲ) ၄၃၂၊ ရုံးချိန်ပြင်ပဖုန်း–၆၃၅၂၆၄ တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

## မြဝတီရုပ်မြင်သံကြား

**၂၃–၁၁–၂၀၀၃ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနှာဝင် |
| ၇:၄၀ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ | ဆရာတော် ဦးဃောသိတ တရားတော် "ပဋိစ္စသမုပ္ပာဒ်အခြေခံ" |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄:၂၀ | ၄။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၄:၃၀ | ၅။ | အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် (က)ပထမနှစ်(စိတ်ပညာ) (ခ)ပထမနှစ်(ဝါဏိဇ္ဇဗေဒ) |
| ၅:၀၀ | ၆။ | အမေးကမ္ဘာတွေးစရာ |
| ၆:၀၀ | ၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၈။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၉။ | တိုင်းကျိုးပြည်ပြုတည်ထောင်မှု |
| ၆:၃၅ | ၁၀။ | မိုးလေဝသသတင်း |
| ၆:၄၀ | ၁၁။ | မြန်မာ့ရှုခင်း |
| ၆:၅၀ | ၁၂။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဖန်ခြေနင်းနဲ့ ယမင်းရွှေစင်"**(အပိုင်း–၂၀) |
| ၈:၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| | ၁၆။ | လျှပ်တစ်ပြက် |
| | ၁၇။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"**(အပိုင်း–၄) |

# ပြည်သူ့အကျိုးစီးပွား တာဝန်ယူလိုသည့်ခံယူချက်ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသယ်ပိုးဆောင်ရွက်နေသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည် လူငယ်မောင်မယ်များကို စိတ်ဓာတ်စွမ်းရည်သာမက ကျွမ်းကျင်မှုအရည်အသွေးပါ ပြည့်စုံသည့် အင်အားစုဖြစ်အောင် အမြဲတမ်းလေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

အသင်းကြီးသည် ပြည်သူတို့၏အကျိုးစီးပွားကို တာဝန်ယူလိုသည့်ခံယူချက်ကို ကြိုဆိုရင်း နိုင်ငံတော်က ဆောင်ရွက်နေသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေးတွင်လည်း ကျူရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်လျက်ရှိကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသားသင်တန်းသူများ ပြည်သူ့အကျိုးပြု လုပ်ငန်းဖြစ်သည့် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီ တည်ဆောက်ရေးလုပ်ငန်းများတွင် ဤသို့ အင်တိုက်အားတိုက် လုပ်အားဒါန ပြုခဲ့ကြသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် MICT Park ၌ ကွန်ပျူတာနည်းပညာ အဆင့်မြင့် သင်ကြားရေးတွင် ဤသို့ ပါဝင် လေ့လာခဲ့ကြသည်။

## ကျူရာကဏ္ဍက အင်တိုက်အားတိုက် ပါဝင်နေသည့် အသင်းဝင်များ

ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ် ငါးရပ် ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ရှမ်းပြည်နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ဤသို့ အင်တိုက်အားတိုက် တက်တက်ကြွကြွ ပါဝင်ခဲ့ကြသည်။

## မြဝတီရုပ်မြင်သံကြား လေ့လာ

သတင်းနှင့် ပြန်ကြားရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု အသိပညာ ဗဟုသုတများ တိုးပွားစေရန်အတွက် မြဝတီရုပ်မြင်သံကြား ထုတ်လွှင့်ရေး စခန်းတွင် လေ့လာခဲ့ကြသည်။



## ကျပန်းစကားပြောပြိုင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အသိပညာ၊ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်ရေးအတွက် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဤသို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

## သီတဂူဓမ္မသဘင် တရားပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဗဟုဇနဟိတဓရ သပိတ်အိုင် တောရ သဲကုန်း ဆရာတော် အရှင်ဒေါက်တာဉာဏိဿရ (D.Litt)သည် နတ်တော်လဆန်း ၁၁ ရက် (ကြာသပတေးနေ့) ည ၇နာရီတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ၂၀(က) ရပ်ကွက် လှော်ကားလမ်း ဦးနိုင်ဦး (မိဘရိပ်)–ဒေါ်အေးသိန်း မိဘရိပ် သစ်စက် အလှူမင်္ဂလာမဏ္ဍပ်၌ သီတဂူ ဓမ္မသဘင်တရားပွဲ ချီးမြှင့်မည်ဟု သိရသည်။

**(က–ပ)**

## ကျောက်ပန်းတောင်း အထက(၂) အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ ယခင်စံပြ ကျောင်းဟောင်း ဆရာ ဆရာမဟောင်းများနှင့် အထက (၂) ဆရာ ဆရာမကြီးများအား ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၇ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အထက(၂)ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ကိုဝင်းနိုင် ဖုန်း–၀၆၁–၅၀၅၇၁၊ ကိုဌေးလွင် ဖုန်း–၀၁–၆၆၆၄၅၆၊ ကိုဆန်းဗိုလ် ဖုန်း–၀၁–၆၈၂၄၇၁၊ မသန်းသန်းဝင်း ဖုန်း–၀၁–၂၅၀၈၀၀၊ ကိုဗိုလ်ကျော် ဖုန်း–၀၆၁–၅၀၆၁၁၊ မအေးမြင့်သန်း ဖုန်း–၀၆၁–၅၀၅၈၆ နှင့် ကိုဝင်းမော် ဖုန်း–၀၂–၃၂၁၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

## သာယာမည်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။**

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝက်ပါလမ်းသွယ်၊ ခြံအမှတ် ၈ နေ

ဦးကြင်စိန်–ဒေါ်ရင်ကြည်တို့၏တူ/သား

မြင်းခြံမြို့၊ ကျိုက်ထီးရိုးလမ်း၊ အမှတ် ၈/၁၁၇နေ

ဦးလှငွေ–(ဒေါ်ခင်ခင်မြ)တို့၏တစ်ဦးတည်းသောသား

**မောင်မျိုးမြင့်** B.Sc (Physics)

Shwe Kyunn Myay Co.,Ltd.

နှင့်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ အရှေ့ ၉ လမ်း၊

အမှတ် ၁၃၅၁နေ

ဦးနေဝင်း–ဒေါ်တင်တင်ခိုင်တို့၏သမီးထွေး

**မမီမီခိုင်** B.Sc (Botany)

တို့သည် နှစ်ဖက်သော လူကြီးမိဘများရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်မျိုးမြင့်–မမီမီခိုင်။**

## ၁၃၆၅ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ်
## ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲ နှင့် စာအုပ်စျေးပွဲတော်အား ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

www.foreverspace.com.mm

၂၂–၁၁–၂၀၀၃ မှ ၃၀–၁၁–၂၀၀၃ ပြပွဲရက်အတွင်း **Prepaid Deposit Card** များကို ၁၀ % လျှော့ဈေး

(ကျပ် ၃၀,၀၀၀နှင့် အထက် ဝယ်ယူသူများကို ၁၅ % လျှော့ဈေး)ဖြင့်

အထူးရောင်းချပေးမည်ဖြစ်ပါသည်။

## အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲဆက်

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်အသင်းက လျှပ်စစ်စွမ်းအားအသင်းကို ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြို့တော်စည်ပင် အသင်းအတွက် အဖွင့်ဂိုးကို ပွဲစပြီး ၅ မိနစ်အကြာတွင် အောင်ထွေးမောင်က သွင်းယူသည်။ ၂၅ မိနစ်တွင် လျှပ်စစ်စွမ်းအားအသင်းအတွက် သော်ဇင်လတ်က ချေပဂိုးသွင်းယူသည်။ မြို့တော်စည်ပင်အသင်းအတွက် ဒုတိယဂိုးကို မိနစ်၄၀တွင် မောင်မောင်ဌေးက သွင်းယူသည်။ ပထမပိုင်းအပြီးတွင် မြို့တော်စည်ပင်က နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်နေသည်။

တတိယဂိုးကို မိနစ်၅၀တွင် အောင်ထွေးမောင်က လည်းကောင်း၊ စတုတ္ထဂိုးကို မိနစ်၇၀တွင် အောင်ဇော်မျိုးကလည်းကောင်းသွင်းယူပေးသည်။လျှပ်စစ်စွမ်းအားအသင်းအတွက် ဒုတိယချေပဂိုးကို ၇၅ မိနစ်တွင် ကျော်ကျော်ဦးကသွင်းယူသည်။ မြို့တော်စည်ပင်အသင်းအတွက် ပဉ္စမဂိုးနှင့်ပွဲသိမ်းဂိုးကို သက်နိုင်ဦးက သွင်းယူပေးသည်။

ယနေ့ပွဲအတွက် ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို မြို့တော်စည်ပင်အသင်းမှ အောင်ဇော်မျိုးကရရှိသည်။

**ယနေ့ပွဲ**

နိုဝင်ဘာ ၂၃ရက် (ယနေ့)ညနေ၃ နာရီတွင် အောင်ဆန်းအားကစား ပြိုင်ကွင်း၌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မရမ်းကုန်းမြို့နယ်အသင်းနှင့် တောင်ဥက္ကလာပမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## ကွန်ပျူတာသင်တန်းများဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ယနေ့ခေတ် ကွန်ပျူတာလေ့လာလိုသူများအတွက် တစ်နေရာတည်းတွင် အခြေခံမှ Professionalဖြစ်သည်အထိ အကောင်းဆုံးနှင့်အပြည့်စုံဆုံး သင်ကြားပေးလျက်ရှိသော Youth Computer Centre မှ ကွန်ပျူတာအခြေခံ (Windows XP Application)၊ စာစီစာရိုက် (DTP & Design)၊ ကွန်ပျူတာဂရပ်ဖစ်ဒီဇိုင်း (Digital Graphics Design)၊ ကွန်ပျူတာအထူးပြုလုပ်ချက်နှင့် ဗီဒီယိုတည်းဖြတ်(Video Editing & Special Effects)၊ ကွန်ပျူတာစာရင်းကိုင် (Computerised Accounting)၊ ကွန်ပျူတာကိုလုပ်ငန်း အသစ်များသင်ပေးခြင်း Programming (C & C++, Visual Basic)၊ ကွန်ပျူတာပြုပြင်ထိန်းသိမ်းခြင်း A+(H/W Maintenance & Sys Admin)၊ ကွန်ရက်တပ်ဆင်ခြင်း (Computer Networking)၊ အင်ဂျင်နီယာပုံများရေးဆွဲခြင်း (Engineering Drawing)၊ ကွန်ပျူတာ ဂီတသံစဉ်များဖန်တီးခြင်း(Music Production)၊ စတူဒီယိုစက်ပိုင်းဆိုင်ရာနှင့် အသံအင်ဂျင်နီယာ (Audio Engineering) သင်တန်းများကို လစဉ်ဖွင့်လှစ်လျက်ရှိသည်။

လူဦးရေကန့်သတ်ထားသောကြောင့် စိတ်ပါဝင်စားသူများသည် Youth Computer Centre I အမှတ် ၃၀၇ (ဒုတိယထပ်) ကျိုက္ကဆံလမ်း တာမွေ ယာယီဈေးသစ်အနီး တာမွေ ဖုန်း–၇၁၀၄၅၃၊ ၀၉–၅၀၀၃၅၉၆၊ Youth Computer Centre II အမှတ် ၁၀၃ (ဒုတိယထပ်) ၄၃ လမ်း(အလယ်) ဗိုလ်တထောင် ဖုန်း–၂၀၀၀၄၄ နှင့် Youth Computer Centre III တိုက် ၂၇ အခန်း ၄၀၃ ၂ လမ်း B-Block (၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် ဖုန်း–၅၉၃၁၀၁တို့သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်းသိရသည်။**(က–ပ)**

## လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း–ကမ္ဘောဇဘဏ်လီမိတက်ဒုဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ

သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန် ပထမဆင့်)

တို့၏တူ/သား

တောင်ကြီးမြို့နေ ဦးသန်းညွှန့်–ဒေါ်ခင်ခင်လှ

တို့၏သားငယ်

**မောင်ဝေယံအောင်** B.Sc(Physic)

Managing Director(INLAY Shoes Manufacturing Co.,Ltd.)

နှင့်

ရန်ကုန်မြို့နေ

ကာကွယ်ရေးဝန်ကြီးဌာနမှ

ဗိုလ်မှူးချုပ်သန်းထွန်း–ဒေါ်ညွှန့်ညွှန့်ဝေ

တို့၏သမီးငယ်

**မတင့်တင့်စန်** B.Arch.,M.Arch

(လ/ထ ကထိက၊ ဗိသုကာဌာန၊ အစိုးရနည်းပညာကောလိပ်၊သန်လျင်မြို့)

တို့၏ ၂၂–၁၁–၂၀၀၃ ရက်နေ့ Sedona Hotel ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ၁၉–၁၁–၂၀၀၃ ရက်နေ့ Dusit Inya Lake Resort Hotel၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာနာယကအဖြစ် ဆောင်ရွက်ပေးသော တရားသူကြီးချုပ်ဦးအောင်တိုး၊ ဆုံးမသြဝါဒစကား ပြောကြားပေးသော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပွဲ၊ မင်္ဂလာဧည့်ခံပွဲနှင့် မင်္ဂလာညစာစားပွဲတို့တွင် ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့်လက်ဆောင်ပေးပို့အသိအမှတ်ပြုကြသည့် အကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် မောင်ဝေယံအောင်–မတင့်တင့်စန်။**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ မင်္ဂလာပွဲတွင် အကူအညီပေးခဲ့ကြသော မင်္ဂလာအခမ်းအနားမှူးဦးကျော်စိုးဦးနှင့်ဦးဝင်းတင်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးခဲ့သော ထပ်ဆင့်အကယ်ဒမီရန်အောင်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော A1 ဦးစိုးမြင့် မင်္ဂလာတေးဂီတအဖွဲ့၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော အောင်အောင်နှင့်အဖွဲ့၊ သတို့သမီးဝတ်စုံ မမဥ္ဇူနှင့် သိင်္ဂီရွှေဝါပိုးထည်တိုက်၊ ရတနာဆင်ယင်ပေးသော ဦးဝင်းနိုင်–ဒေါ်စန်းစန်း၊ ပန်းအလှဆင် မလေးရှားသန်းမြင့်၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင် စိုင်းဘုန်းထူး၊ တက္ကသိုလ်စိန်ဝင်းနှင့် ရွှေအင်းသား ခင်မောင်ဝင်း၊ မင်္ဂလာပန်းကြဲပေးသော နန်းမိုဟွမ်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော ခင်ခင်ယုမော်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော အေးချမ်းမိုး၊ သတို့သားအရန် အာကာနှင့် ကမ္ဘာ၊ သတို့သမီးအရန် ဆုဝေမွန်နှင့် ပဒုမ္မာကျော်၊ Dusit Inya Lake Resort Hotel နှင့် Sedona Hotel ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**မောင်ဝေယံအောင်–မတင့်တင့်စန်။**

## သီလရှင်ဝတ်စုံ အလှူမင်္ဂလာပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

သာသနာပြု နယ်လှည့်ဓမ္မကထိက သီလရှင်ဆရာကြီး ဒေါ်ယုစန္ဒာ (မဟာဝါစကပဏ္ဍိတ) တည်ထောင်ဖွင့်လှစ်ခဲ့သော ရွှေပြည်သာမြို့နယ် မဲခေါင်လမ်း အမှတ် ၆/၁၀ရှိ သုံးပန်လှအောင်သော်တာ သီလရှင်စာသင်တိုက်ရှိ စာသင်သားများအား လှူဒါန်းမည့် သီလရှင်ဝတ်စုံ အလှူမင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအထိ ကျင်းပမည်ဖြစ်ရာ ဝတ်စုံတစ်စုံလျှင်(ရိုးရိုးကျပ် ၁၅၀၀၊ အထူးကျပ် ၂၀၀၀၊ ၂၅၀၀နှုန်း)ဖြင့်ပဓာနနာယက သီလရှင်ဆရာကြီး ဒေါ်နန္ဒသိင်္ဂီ (ဓမ္မာစရိယ) ဖုန်း–၆၁၀၅၀၀ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

## မင်္ဂလာဧည့်ခံပွဲအား အသိအမှတ် မပြုခြင်း

၂၁–၁၁–၂၀၀၃ ရက်တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပသော မောင်ကျော်ဆန်းသိန်းနှင့် မမိုးဥမ္မာအောင်တို့၏ မင်္ဂလာဧည့်ခံပွဲသည် တစ်ဖက်တည်း၏ သဘောဆန္ဒဖြင့် ပြုလုပ်သွားခြင်းဖြစ်၍ မိုးဥမ္မာအောင်၏ မိခင်နှင့် ဆွေမျိုးအသိုင်းအဝိုင်းအားလုံးက အသိအမှတ်မပြုကြောင်း ကြေညာပါသည်။

**မိခင်**
**ဒေါ်မြင့်မြင့်ဆွေ**
**MKA –၀၂၆၀၅၇**

## ခေတ္တရာအလိုတော်ပြည့်စေတီတော်ဌာပနာတော်သွင်းပူဇော်ပွဲကျင်းပ

ပြည် နိုဝင်ဘာ ၁၈

ပြည်မြို့ ခေတ္တရာစက်မှုဇုန်တွင် တည်ထားကိုးကွယ်သည့် ခေတ္တရာအလိုတော်ပြည့် စေတီတော်မြတ်ကြီး အလယ်ဌာပနာနှင့် အထက်ဌာပနာတော်သွင်းပူဇော်ပွဲနှင့် ရွှေထီးတော်တင် လှူပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ရက် နံနက်က ကျင်းပရာ ပဲခူးတိုင်း သံဃနာယကဥက္ကဋ္ဌ (ဝေဠုဝန်) စံနန်းဦးကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလာဝုဓ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူပြီး တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြည်ညို ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်၊ ဌာပနာတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်သိန်းနှင့် အလှူရှင်များက ခေတ္တရာ အလိုတော်ပြည့် စေတီတော်မြတ်ကြီးအား ရည်စူးလျက် ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့များက မင်္ဂလာ မဏ္ဍပ်မှ ပင့်ဆောင်ပြီး မင်္ဂလာအချိန်တွင် အလယ်ဌာပနာ၊ အထက်ဌာပနာနှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြ သည်။

ခေတ္တရာစက်မှုဇုန်တွင် တည်ထားကိုးကွယ်သည့် အလိုတော်ပြည့် စေတီတော်မြတ်ကြီးသည် သိန်း ၂၀၀ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

(၄၀၃)

## တပ်ရင်းတပ်ဖွဲ့နှင့် ပြည်သူများစုပေါင်း၍ ဟားခါး၌ မဟာဘုံကထိန်ကျင်းပ

ဟားခါး နိုဝင်ဘာ ၁၅

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဒေသခံပြည်သူများ စုပေါင်း ကျင်းပသော မဟာဘုံကထိန်ပွဲတော် အခမ်းအနားကို နိုဝင်ဘာ ၈ရက် နံနက်က ဟားခါးမြို့ မြို့ဟောင်းရပ်ကွက် ခွာရုံဝိပဿနာသာသနာ့ရိပ်သာ၌ ကျင်းပသည်။

### ဆက်ကပ်လှူဒါန်း

အခမ်းအနားသို့ ခွာရုံသာသနာ့ပြုကျောင်းဆရာတော် အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်နှင့် အလှူရှင်များက သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

### တရားချီးမြှင့်

ထို့နောက် သာသနာ့ရက္ခိတ တပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ စုပေါင်း မဟာဘုံကထိန်ပွဲတော်တွင် ပဒေသာပင် စုစုပေါင်း ၁၆ပင်၊ တန်ဖိုးငွေ စုစုပေါင်း ၁၃၆၄၂၆၀ တို့ကို လှူဒါန်းကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

သန်လျင်မြို့မဈေးကြီး သာယာလှပရေးအတွက် နိုဝင်ဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးကိုကိုနှင့်အဖွဲ့ ဈေးရေမြောင်းများ တူးဖော်ခြင်း၊ ပျက်စီးနေသော ရေမြောင်းဖုံးများအား အသစ်လဲလှယ်ခြင်းတို့ကို ဝန်ထမ်းများနှင့် စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

## စာဆိုတော်နေ့အထိမ်းအမှတ် ဝမ်းတွင်းမြို့၌စာပေဟောပြော

ဝမ်းတွင်း နိုဝင်ဘာ ၁၃

ဝမ်းတွင်းမြို့ စာပေလွင်ပြင် စာဖတ်အသင်းကကြီးမှူး၍ ၁၃၆၅ ခုနှစ် စတုတ္ထအကြိမ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို နိုဝင်ဘာ ၉ရက် ညတွင် ဝမ်းတွင်းမြို့ နေလရပ်ရှင်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းက အမှာစကားပြောကြားပြီး မန္တလေးမြို့မှ စာရေးဆရာများ ဖြစ်ကြသော ဆရာညိုထွန်း၊ ဆရာခင်ခင်ထူး၊ ဆရာဆူးငှက်၊ ဆရာနေဝင်းမြင့်တို့က စာပေရေးရာများ ဟောပြောကြသည်။

(၂၃၁)

## ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်တိုက်နယ်ကျန်းမာရေးဌာန ကိုယ့်အားကိုယ်ကိုးကျပ်သိန်း ၂၀ တန်အဆောက်အအုံသစ်ဖွင့်

ပိန်းဇလုပ် နိုဝင်ဘာ ၂၀

**(၈၃)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်တိုက်နယ်ကျန်းမာရေးဌာန ကိုယ့်အားကိုယ်ကိုး ကျပ်သိန်း ၂၀တန် ရေတွင်းကုန်းကျေးရွာ ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ရက် နံနက်က ကျေးရွာကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်၌ ကျင်းပသည်။**

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ထင်လင်းနှင့် ပိန်းဇလုပ်တိုက်နယ် ဆရာဝန် ဒေါက်တာဒေါ်စန်းစန်းမြင့် တို့က ကျေးလက် ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

### အမှာစကားပြော

ဆက်လက်၍ ညောင်လေးပင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထင်လင်း၊ ပိန်းဇလုပ်တိုက်နယ်ဆရာဝန် ဒေါက်တာ ဒေါ်စန်းစန်းမြင့်၊ ကျေးရွာ ဥက္ကဋ္ဌဦးဘိုကေတင်နှင့် ပိန်းဇလုပ်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သဇင်တို့က အမှာ စကား အသီးသီးပြောကြားကြသည်။

### လက်ခံရယူ

ထို့နောက် ပိန်းဇလုပ်မြို့ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက ဒေါ်သန်း သန်းဝင်း(စိန်ဆေးလိပ်ခုံ)မှ အလှူငွေ ကျပ်တစ်သောင်း ပေးအပ်လှူဒါန်းခြင်း နှင့် အလှူရှင်အသီးသီး၏ လှူဒါန်း ငွေများကို ကျေးလက်ကျန်းမာရေး ဆေးပေးခန်းဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးစောမောင်နီးက လက်ခံရ ယူကာ ကျေးဇူးတင်စကားပြောကြား သည်။

(က-ပ)

## အမြို့မြို့ အနယ်နယ် သတင်းများ

## နောင်ချိုမြို့နယ်ဈေးရပ်ကွက်(က)လမ်း ရာသီမရွေးသွားလာနိုင်ရန်ကျောက်ချောခင်း

နောင်ချို နိုဝင်ဘာ ၁၀

ကျောက်မဲခရိုင် နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၃ ခုနှစ် ပွင့်လင်းရာသီတွင် စည်ပင်သာယာရေးလုပ်ငန်းများကို အချိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဈေးရပ်ကွက်(က)လမ်းအား ရာသီမရွေးသွားလာနိုင်ရန် အတွက် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး အမှုဆောင် အရာရှိ ဦးတင်နုကြီးကြပ်ကာ စက်ယန္တရားအင်အား၊ လူအင်အားတို့ဖြင့် ကျောက်ချောလမ်းခင်းကြသည်။

### ကူညီပံ့ပိုး

ထို့အပြင် မြို့တွင်း မန္တလေး-လားရှိုးပြည်ထောင်စုကားလမ်းဘေးဝဲယာ တစ်လျှောက်တို့တွင် ပန်းအလှခုံများ တည်ဆောက်ခြင်းနှင့် လျှပ်စစ်မီးတို့တွင် ဆိုဒီယမ်မီးလုံးများ တပ်ဆင်ခြင်း ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌဦးကိုကိုလွင်နှင့် အဖွဲ့ဝင်များက ကူညီပံ့ပိုးဆောင်ရွက်ပေးကြရသည်။

(၂၄၂)

## ဘက်စုံထူးချွန်သူ ရွေးချယ်ရေး စာမေးပွဲကျင်းပ

အင်းတော် နိုဝင်ဘာ ၁၈

အင်းတော် မြို့နယ်အဆင့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်ဘက်စုံ ထူးချွန်သူ ကျောင်းသားကျောင်းသူများ ရွေးချယ်ရေးစာမေးပွဲကို နိုဝင်ဘာ ၁၄ရက်မှ ၁၆ရက်ထိ အင်းတော်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပရာ မြို့နယ်အတွင်းရှိ စတုတ္ထတန်းမှ ဒသမတန်းအထိ ကျောင်းသားကျောင်းသူ ၁၂၀တို့ ဝင်ရောက် ဖြေဆိုကြသည်။

အဆိုပါ ဘက်စုံထူးချွန် စာမေးပွဲ ဖြေဆိုရာသို့ မြို့နယ်ပညာရေးမှူး ဒေါ်တင်အေး၊ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးကျော်ထွေးနှင့် ဦးစိုးစိုး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက် ပေးကြသည်။

(၁၃၃)

### စက်ရေတွင်းတူးဖော်

**နိုဝင်ဘာ ၁၀ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ် ဖြူးမြို့ ရေပေးရေး လုပ်ငန်းဖြစ်သော ထန်းကုန်းရပ်ကွက်၌ လေးလက်မ စက်ရေတွင်းတူးဖော်မှုကို အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံအင်ဂျင်ယာ ဦးကျော်ထွန်းတို့ အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးကြ စဉ်။ (မြို့နယ်စည်ပင်)**

# အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနှင့် တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူးကျင်းပသည့် ၂၀၀၃ခုနှစ် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်းလေးခရိုင်အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ရက် နံနက်က တောင်ငူမြို့ ကေတုမတီ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနှင့်ဇနီး၊ ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ် သူရမောင်နီနှင့်ဇနီး၊ တပ်နယ်မှ ဗိုလ်မှူးချုပ်သူရမြင့်သိန်း၊ တိုင်း/ခရိုင်/မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်းအမျိုးသမီးအားကစား ကော်မတီဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ခရိုင်အလိုက်ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

## ကြည့်ရှုအားပေး

အစီအစဉ်အရ ပဲခူးတိုင်းအမျိုးသမီးအားကစားအဖွဲ့နာယကတိုင်းမှူး၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်က အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တောင်ငူမြို့ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသူလေးများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု(အေရိုးဗစ်)အားကစားနည်း စုပေါင်းသရုပ်ပြခြင်းနှင့် အားကစားနည်းအလိုက် ကိုးယောက်တွဲ၊ သုံးယောက်တွဲနှင့်အဆင့်မြင့် တစ်ဦးချင်း ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

## ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ အခြေခံ ကိုးယောက်တွဲ၊အဆင့်မြင့် သုံးယောက်တွဲ ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် အဆင့်မြင့် တစ်ဦးချင်း ဒုတိယ၊ တတိယဆုတို့ကို ဒုတိယတိုင်းမှူး၏ဇနီးနှင့် တာဝန်ရှိသူများက လည်းကောင်း၊ အဆင့်မြင့် တစ်ဦးချင်း ပထမဆုနှင့်တံခွန်စိုက်ဒိုင်းဆုရရှိသော တောင်ငူခရိုင်အသင်းအား ပဲခူးတိုင်းအမျိုးသမီးအားကစားအဖွဲ့နာယကတိုင်းမှူး၏ ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်ကလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နိုဝင်ဘာ ၈ရက် ကျိုက်လတ်မြို့ စန္ဒာမုနိမြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းသို့ ဒေသစာရီကြွချီခြင်းဖွင့်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စွာထွန်းနှင့် စန္ဒာမုနိဘုရားဂေါပကဥက္ကဋ္ဌ ဦးသန်းဋ္ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ **(၀၅၈)**

နိုဝင်ဘာ ၁၉ ရက်က ကားပေါ်၌ အထက်တန်းပြ ဆရာမတစ်ဦး မေ့ကျန်ခဲ့သော ငွေကျပ် ၉၀၅၀နှင့် ပစ္စည်းများကို ပိုင်ရှင်အား ရိုးသားစွာ ပြန်ပေးခဲ့သည့် သန်မြန်သူ ယာဉ်လိုင်းအမှတ်(၈၉)မှ ယာဉ်မောင်း ဦးသိန်းဟံမင်းနှင့် လက်မှတ်ရောင်း ဦးကျော်မင်းသိန်းတို့အား ဂုဏ်ပြုပွဲကို ယာဉ်လိုင်းဂိတ်ရင်းရုံးခန်းမ၌ ကျင်းပရာ ရုံးဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်လွင်(ငြိမ်း)နှင့် ဌာနခွဲ-၃၊ ခွဲမှူး ဦးမောင်ကြည်တို့က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ **(က-ပ)**

# မင်းလှအလက(လမ်းမတော်) ဆရာကန်တော့ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် မင်းလှမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း(လမ်းမတော်)တွင် ပညာသင်ကြားပေးခဲ့ကြပြီး အငြိမ်းစားယူသွားကြသော ဆရာ၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများ၏ ပူဇော်ကန်တော့ပွဲကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီတွင် အလက(လမ်းမတော်)၌ ကျင်းပမည်ဖြစ်ရာ ကိုလှဝင်း ဖုန်း-၀၁-၅၁၀၈၅၈၊ ဒေါက်တာဝင်းမြင့် ဖုန်း-၀၅၃-၃၀၂၁၄၊ ဦးကျော်ဇေယျ ဖုန်း-၀၅၃-၃၀၀၉၂၊ ဦးလှိုင်မင်းကြည် ဖုန်း-၀၅၃-၃၀၁၉၁၊ မခင်အေးဝင်း ဖုန်း-၀၁-၅၁၂၄၂၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၂**

တပ်မတော်ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ဧရာဝတီတိုင်း မအူပင်မြို့နယ် မိဘဂုဏ်ရည် သွေးလှူရှင်အဖွဲ့မှ အဖွဲ့ဝင် ၇၀ တို့သည် နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက တပ်မတော်ဆေးရုံကြီး သွေးလှူဒါန်းဘဏ်သို့ (၂၉၄) ကြိမ်မြောက် လာရောက် သွေးလှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အိုင်တီဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF) နှင့် Association for Overseas Technical Scholorship (AOTS)တို့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ IT ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Software e-learning Blending Course (SWEL) သင်တန်းကို လှိုင်မြို့နယ်MICT Park ရှိ e-learning Centre ၌ ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းသင်တန်းအတွက် e-learning Centre ရှိ Software Content ကို တစ်နေ့သုံးနာရီဖြင့် နာရီပေါင်း ၆၀ လေ့ကျင့်ပြီးမှ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၉ရက်မှ ဖေဖော်ဝါရီ ၁၄ရက်အထိ Class Work သင်တန်းကိုဆက်တက်ရမည်ဖြစ်သည်။

စိတ်ပါဝင်စားသည့် ဘွဲ့ရ၊ သို့မဟုတ် IT ပညာရပ်တွင် အတွေ့အကြုံနှစ်နှစ်ရှိသူ မည်သူမဆို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာအသင်း ချုပ်(MCF)ဖုန်း-၇၀၇၅၀၃ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ကျုံပျော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ကျုံပျော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်က ကျုံပျော်မြို့ ဧရာမင်းခန်းမတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဦးလွင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဌာနကြီး ငါးခုနှင့် ပတ်သက်သော တစ်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှုစာတမ်းကို ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်မာလာသန်းထိုက်က လည်းကောင်း၊ တည်ဆောက်ရေးလုပ်ငန်းတာဝန်ကြီးလေးရပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေကို ဒုတိယမြို့နယ်ဦးစီးမှူး ဦးဇာနည်အောင်က ဖတ်ကြားတင်သွင်းပြီး ဝန်ထမ်းများမှ ထူးချွန်သူများအား ဆုများပေးအပ်ချီးမြှင့်သည်။ **(၂၉၈)**

# ယာဉ်၊ လမ်းစည်းကမ်းလိုက်နာရေး သီပေါ၌ပညာပေး

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ယာဉ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးပညာပေး လုပ်ငန်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် နိုဝင်ဘာ ၆ ရက်မှစ၍ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းထွန်း၏ ကြီးကြပ်မှုဖြင့် စခန်းမှူး ရဲအုပ်စိုးဝင်း ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၅ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသော ယာဉ်ကြီးယာဉ်ငယ်များနှင့် မော်တော်ဆိုင်ကယ်များကို ရှောင်တခင် စစ်ဆေးအရေးယူမှုများ ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)** **(၃၀၆)**

# ကျောက်တံခါး အထက အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ပဲခူးတိုင်း ကျောက်တံခါးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် အနည်းဆုံး သုံးနှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သော ဆရာကြီး ဆရာမကြီးများအား ကျောင်းသူ ကျောင်းသား များက သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် ကျောက်တံခါးမြို့ အထက ခန်းမ၌ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြားစာမရရှိသည့် ရပ်နီးရပ်ဝေးမှ ပူဇော်ကန်တော့ခံမည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်ကြရန်နှင့် ငွေလှူဒါန်းလိုပါက ဦးဇော်တင့်(ရန်ကုန်)ဖုန်း-၂၄၉၈၉၂၊ ဦးစိုးဝင်း(ရန်ကုန်)ဖုန်း-၂၉၀၂၄၅၊ ဦးအေးလွင်(မန္တလေး)ဖုန်း-၈၈၅၇၈နှင့် ဦးအံ့ဌေး(အထက၊ကျောက်တံခါး)ဖုန်း-၂၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ကံစမ်းမဲဖြင့် ဝန်ထမ်းသက်သာ လက်ဆောင်ပစ္စည်းများ ပေးအပ်ပွဲကို နိုဝင်ဘာ ၁၀ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်က ဒုတိယ ဦးစီးမှူး ဦးထန်ဘိအား လက်ဆောင် ပစ္စည်းပေးအပ်စဉ်။ **(၀၄၆)**

## အောင်သော်တာမှ သီလရှင်ဝတ်စုံလှူပွဲ

(၁၄-၁၂-၂၀၀၃)

သီလရှင်ဘွားရိပ်သာမှ အဘွားများ၊ သီလရှင်စာသင်သားများအား ဝတ်စုံလှူဒါန်းပွဲနှင့် စာအောင် သီလရှင်ဆုနှင်းသဘင်ကို ၁၃၆၅ ခုနှစ် နတ်တော်လဆုတ် ၆ ရက် ၁၄-၁၂-၂၀၀၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဘိက္ခုနီသာသနာကုန်ဆုံးရခြင်းသည် အလှူရှင်များ၏ အားနည်းချက်ဖြစ်ပါ၍ ဘိက္ခုနီ နွယ်ဝင် သီလရှင်များ အားနည်းချက်မရှိရအောင် ရိုးရိုးဝတ်စုံတစ်စုံလျှင် ကျပ် ၁၅၀၀/၂၀၀၀၊ အထူးဝတ်စုံ တစ်စုံလျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် ဝိုင်းဝန်းကူညီ အားပေးလှူဒါန်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဒေါ်နန္ဒသီဂီ(မဇ္ဈိမာစရိယ)**
**ပဓာန နာယကဆရာကြီး**
**ဖုန်း-၆၁၀၅၀၀၊ ရွှေပြည်သာမြို့**

## ကရင်ပြည်နယ် သမဝါယမဦးစီးဌာန ဘားအံမြို့ လေလံကြော်ငြာ

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ဂျီအီးစီ(ပညာရေး)သမဝါယမအသင်းပိုင် (ဘီအယ်လ် အေစီ)မော်တော်ယာဉ် ၈က/၁၀၀၂ အား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

**လေလံလျှောက်လွှာပိတ်ရက်** - ၁၀-၁၂-၂၀၀၃ရက် (၁၆:၀၀ နာရီ)
**ချိပ်ပိတ်လေလံဖွင့်ရက်** - ၁၁-၁၂-၂၀၀၃ရက် (၁၁:၀၀ နာရီ)
**လေလံလျှောက်လွှာတင်ရန်နှင့်** - မြို့နယ်သမဝါယမဦးစီးဌာန
**ဆက်သွယ်စုံစမ်းရန်ဌာန** ကော့ကရိတ်မြို့

**လေလံတင်ရောင်းချရေးအဖွဲ့**
**ကရင်ပြည်နယ်သမဝါယမဦးစီးဌာန၊ ဘားအံမြို့**

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## သတင်းကြေညာချက်

**၁၃၆၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်**
**(၂၀၀၃ခုနှစ် အောက်တိုဘာလ ၂၉ ရက်)**

၁။ နိုင်ငံတော်နှင့် နိုင်ငံသားကုမ္ပဏီများအကျိုးတူပူးပေါင်း၍ ကျောက်စိမ်းများ ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းများမှ ထုတ်လုပ်ရရှိသည့် ကျောက်စိမ်းအသား ကျောက်ရိုင်းများကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများဝင်ငွေအမြန်ရရှိစေရန်နှင့် အကျိုးတူလုပ်ငန်းရှင်များ လုပ်ငန်းသုံးငွေများ လည်ပတ်စေရန်။
(ခ) နယ်မြေဒေသအတွင်းမြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ကျောက်စိမ်းရောင်းဝယ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။
(ဂ) ကျောက်စိမ်းအချောထည်ထုတ်လုပ်ရောင်းချသည့် နိုင်ငံသားကျောက်မျက် ရတနာလုပ်ငန်းရှင်များ၊ ကျောက်စိမ်းအချောထည် ထုတ်လုပ်ရန်အတွက် ကျောက်စိမ်းကုန်ကြမ်း ရရှိစေရန်။
(ဃ) ကျောက်စိမ်းများကို ပြည်ပသို့ တရားမဝင် ထုတ်ဆောင်ရောင်းချခြင်းများ လျော့နည်းပပျောက်စေရန်။
(င) ရောင်းချပွဲတွင် ကျပ်ငွေဖြင့်ဝယ်ယူရရှိသည့် ကျောက်စိမ်းရိုင်းများအား ဖြတ်တောက်ပြုပြင်ပြီး၊ အဆင့်မီသည့်ကျောက်စိမ်းများကို ၂၀၀၄ခုနှစ်၊ မတ်လတွင်ကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံခြားငွေဖြင့် တင်ပြရောင်းချနိုင်ရန်။

၂။ ကျောက်စိမ်းရိုင်းများ ရောင်းချမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) **ရောင်းချမည့်နေရာ**။ ကျောက်စိမ်းခန်းမ၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ဖားကန့်မြို့နယ်။
(ခ) **ရောင်းချပွဲကျင်းပမည့်အစီအစဉ်**
(၁) **၁၀-၁၂-၂၀၀၃ မှ ၁၂-၁၂-၂၀၀၃ ရက်အထိ**။ ရောင်းချမည့် ကျောက်စိမ်းများအား ရတနာကုန်သည်များအား စစ်ဆေးကြည့်ရှုခွင့် ပြုပါမည်။
(၂) **၁၃-၁၂-၂၀၀၃မှ၁၆-၁၂-၂၀၀၃ ရက်အထိ**။ ကျောက်စိမ်းအတွဲများအား တင်ဒါစနစ်/ဈေးပြိုင်စနစ်များဖြင့် ဝယ်ယူခွင့်ပြုပါမည်။
(ဂ) **ရောင်းချမည့်စနစ်**။ ကျောက်စိမ်းရိုင်းများအား အတွဲများဖွဲ့၍ အခြေခံ ဈေးနှုန်းသတ်မှတ်ပြီး တင်ဒါစနစ်/ဈေးပြိုင်စနစ်ဖြင့် ရောင်းချပါမည်။
(ဃ) **ဝယ်ယူခွင့်ပြုမည့်ငွေ**။ ပြည်တွင်းသုံးကျပ်ငွေ။
(င) **ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူခွင့်**။ ရောင်းချပွဲသို့ နိုင်ငံသားတိုင်းအား တက်ရောက်လေ့လာခွင့်ပြုမည် ဖြစ်ပါသည်။ သို့ရာတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာတူးဖော်ရန် ခွင့်ပြုမိန့်ရရှိထားသူများနှင့် ကျောက်မျက်ရတနာများ ရောင်းချရန် လိုင်စင်ရယူထားသူများကိုသာ သတ်မှတ်ချက်များနှင့်အညီ ယှဉ်ပြိုင်ဝယ်ယူခွင့်ပြုပါမည်။

၃။ **ရောင်းချပွဲတက်ရောက်ရန် မှတ်ပုံတင်ခြင်း၊ လျှောက်လွှာများ ထုတ်ယူခြင်းနှင့် လျှောက်လွှာများ တင်သွင်းခြင်း**။ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **မှတ်ပုံတင်ခြင်းနှင့် လျှောက်လွှာများထုတ်ယူခြင်း**။ မှတ်ပုံတင်ခြင်း၊ တက်ရောက်ခွင့်လျှောက်လွှာနှင့် ရောင်းချပွဲစည်းကမ်းသတ်မှတ်ချက်များအား ၁-၁၂-၂၀၀၃ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့။ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)။ ကျောက်မျက်/ကျောက်စိမ်း တူးဖော်ရေးဌာန (စခန်းရုံး) မန္တလေး/မြစ်ကြီးနားမြို့တို့တွင် ထုတ်ယူနိုင်ပါသည်။
(ခ) **လျှောက်လွှာများတင်သွင်းခြင်း**။ တက်ရောက်ခွင့် လျှောက်လွှာများကို ၁၃-၁၂-၂၀၀၃ ရက်မတိုင်မီ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)တွင် တင်သွင်းရပါမည်။

၄။ အသေးစိတ်သိလိုပါက အထက်စာပိုဒ်(၃)၊ စာပိုဒ်ခွဲ(က)ပါ လျှောက်လွှာများထုတ်ယူသည့် လုပ်ငန်း/ဌာန/စခန်းရုံးများနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ပြည့်ဖြိုးအောင်(ခ)ကိုဖြိုး**
၉/မသန(နိုင်)၁၀၆၆၅၉
နှင့်
ကျွန်မ **မရတနာအောင်(ခ)မီးငယ်**
၉/မခန(နိုင်)၁၆၁၉၂၄
တို့သည်
မန္တလေးတိုင်းတရားရုံး၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

**မောင်ပြည့်ဖြိုးအောင်-မရတနာအောင်(ခ)မီးငယ်။**




## ပလတ်စတစ်ကုန်ကြမ်းအဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းများ** - ပလတ်စတစ်ကုန်ကြမ်းအမျိုးမျိုး
၂။ **တင်ဒါပိတ်ရက်** - ၂၈-၁၁-၂၀၀၃ ရက်
၃။ **အချိန်** - ၁၄:၀၀နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

| | တယ်လီဖုန်းနံပါတ် |
|---|---|
| **မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ရုံးချုပ်** | ၅၆၁၃၉၁ |
| **၁၉၂၊ကမ္ဘာအေးဘုရားလမ်း၊** | ၅၆၆၇၁၅ |
| **ဗဟန်းမြို့နယ်၊ရန်ကုန်** | ၅၆၆၇၁၆ |

## လက်ထပ်ပြီးစီးခြင်း

ကျောက်တန်းမြို့၊ စံချိန်မီရပ်ကွက်၊ ရှုမြှောင်လမ်းနေ
(ဦးလှမောင်)-ဒေါ်နီနီ
တို့၏သား
**မောင်စန်းလွင်ဦး**
နှင့်
ရန်ကုန်မြို့၊ ဘောက်ထော်၊ အဝေရာလမ်းနေ
ဦးဉာဏ်လင်း-ဒေါ်ခင်သိန်းဝင်း
တို့၏သမီး
**မမီမီဉာဏ်လင်း**

တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများ၏ ခွင့်ပြုချက်အရ ၂၀-၁၁-၂၀၀၃ ရက်တွင် လန်ဒန်မြို့ ခရိုင်တရားသူကြီးရုံး၌ မင်္ဂလာလက်ထပ်စာချုပ်ရေးထိုးပြီး ၂၃-၁၁-၂၀၀၃ ရက်တွင် လန်ဒန်မြို့ သာသနာ့ရံသီဘုန်းတော်ကြီးကျောင်း၌ မင်္ဂလာဦး ဆွမ်းကျွေး၍ ညှော်ခံပွဲပြုလုပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စန်းလွင်ဦး-မမီမီဉာဏ်လင်း။**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်လင်းမင်းကျော် ၁၂/ဥကတ(နိုင်)၀၀၀၇၁၇ သည် မိဘ၏ ပြောဆို ဆုံးမစကားကို မနာခံဘဲ မိမိဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝ အားလုံးကို (လုံးဝ) တာဝန်မယူပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**အမိ-ဒေါ်ဝင်းဝင်းကြည် ၁၂/ဥကတ(နိုင်)၀၈၁၈၂၄**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

**ပ/၅၀၅၉** မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်း စာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(ရန်ကုန်)**

# မေတ္တာဦး မျက်စိအထူးကုဆေးခန်းနှစ်ပတ်လည်နေ့

## ၂၀% အထူးအစီအစဉ်

★-မိဘပြည်သူများအား အခမဲ့ မျက်စိစမ်းသပ်ပေးခြင်း

★-မျက်မှန်ဝယ်ယူအားပေးသူ မိဘပြည်သူများအား (၂၀%)ရာခိုင်နှုန်းဈေးလျှော့ပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

နေ့ရက်။ ။ ၂၆-၁၁-၂၀၀၃ နှင့် ၂၇-၁၁-၂၀၀၃ နှစ်ရက်တည်းသာ

နေရာ ။ ။ အမှတ် ၄၉၉၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၁-၅၂၇၃၈၀၊ ၅၂၇၃၉၀၊ တိုက်(၁)၊ အခန်း(၂/၄)၊ စက်ရုံလမ်းနှင့် နှင်းဆီလမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန် ဖုန်း-၂၀၀၇၄၇ (လိုင်းခွဲ-၇၀၇၂)၊ ၇၀၅၀၃၆

အချိန် ။ ။ နံနက် ၈ နာရီမှ ည ၈နာရီထိ


## ဒဂုံတက္ကသိုလ် ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် ဒဂုံတက္ကသိုလ်မှကြီးမှူးကျင်းပခဲ့သော (ဘွဲ့)စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိပြီးသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်ပါသည်။

**ဒသမအကြိမ်ဘွဲ့နှင်းသဘင်အစီအစဉ်**

**၂၇-၁၂-၂၀၀၃ ရက် (စနေနေ့)**

**နံနက်ပိုင်း-နံနက်(၉:၀၀)နာရီ**

| | | |
|---|---|---|
| မဟာသုတေသနဘွဲ့ | - | ဓာတုဗေဒ |
| ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ မနုဿဗေဒ |
| သိပ္ပံဘွဲ့ | - | ဓာတုဗေဒ၊သင်္ချာ၊ရုက္ခဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ Environmental Studies |

**ညနေပိုင်း - မွန်းလွဲ (၂:၀၀)နာရီ**

| | | |
|---|---|---|
| မဟာသိပ္ပံဘွဲ့ | - | ဘူမိဗေဒ |
| ဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ၊ သမိုင်း၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ရှေးဟောင်းသုတေသနပညာ၊ English for Occupational Purposes, Southeast Asia and Pacific Studies |
| သိပ္ပံဘွဲ့ | - | ရူပဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ၊ Biotechnology |

အစမ်းလေ့ကျင့်ရန် ၂၆-၁၂-၂၀၀၃ ရက် (သောကြာနေ့) နံနက်(၉:၀၀) နာရီ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၁၆-၁၂-၂၀၀၃ ရက်မှစ၍ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမတွင် ထုတ်ပေး ပါမည်။

**ခင်မာနွယ်**
**(မော်ကွန်းထိန်း)**
**ဒဂုံတက္ကသိုလ်**


# ဇော် မိတ္တူ/ကွန်ပျူတာ

High Quality, Low Price

မိတ္တူတစ်မျက်နှာချင်း ၃ိ/ကျောတပ်တစ်မျက်နှာ ၆ိ/

TOP 243363 705877

သင်္ဂြိုဟ်

ZN SATELLITE GROUP.
Tel: 727548

Diploma in IT

အမြန်အလိုရှိသည်

CHRD (UDEY)

# လင်းရာမ

Linyama

Digital Telephone lock, Model LM.SI 102PT

Tone Type နှင့် Pluse Type





## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| (၁) | စက်အရန်ပစ္စည်း | ၂၀ မျိုး |
| (၂) | PUMP | ၅ မျိုး |

၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၄-၁၂-၂၀၀၃၊ မွန်းတည့်၁၂ နာရီ

၃။ သိရှိလိုသည့်အချက်များရှိပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ်- ၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

**မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း**

## အမြန်ပြန်ပို့ပါ

အင်းစိန် တောင်သုကုန်းရပ်ကွက် ရွှေဘကုန်းလမ်း အမှတ် ၁၉၂၆နေ ကျွန်မ နော်အေးဖိုး ၁၂/အစန(နိုင်) ၁၇၁၂၇၁၏ နိုင်ငံသား စိစစ်ရေးကတ်ပြားမူရင်းနှင့် မိသားစု၁၀ဦးပါ သန်းခေါင်စာရင်းမူရင်းကို ၃၀-၁၀-၂၀၀၃ရက်က လူမြင်လျှင်မှတ်မိသည့် ကားပွဲစားတစ်ဦးက မော်တော်ကားလိုင်စင်ဝင်ရန်အတွက် ခေတ္တယူသွားရာ ယနေ့ထက်တိုင် ပြန်မပေးသဖြင့် အမြန်ပြန်ပို့ပေးပါရန်နှင့် ကျွန်မ၏ ခွင့်ပြုချက်မရှိဘဲ ကျွန်မ၏နိုင်ငံသားစိစစ်ရေးကတ်ဖြင့် ဆောင်ရွက်မှုများကို တရားမဝင် တာဝန်မယူပါကြောင်း။

**နော်အေးဖိုး**


## အမြန်ဆက်သွယ်ပါ

ရန်ကုန်မြို့တွင်းရှိ အိမ်၊ခြံ၊မြေ၊ တိုက်ခန်း၊ ဂိုဒေါင် ရောင်း၊ဝယ်၊ငှားရမ်း လိုသူများ အမြန် ဆက်သွယ်နိုင်ပါသည်။

**Tel; 222923, 09-80 21478**


## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဒလမြို့နေ မမေဖြူဇော်သည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သွားပါသဖြင့် အမွေစား အမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

**ဦးဇော်ဝင်း(T/RGN-၀၁၆၂၅၇)**
**ဒေါ်ဌွေးဌွေးဦး(S/OKA-၀၀၇၆၇၈)**

## ဒေါ်အေးကြည်
**အသက်(၈၆)နှစ်**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း–ဇနီးဒေါက်တာ ဒေါ်ဝင်းနုနုသန့်တို့၏ မိခင်သည် ၂၂–၁၁–၂၀၀၃ ရက် နံနက် ၆:၁၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဝမ်းနည်းကြေကွဲခြင်း

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း–ဇနီး ဒေါက်တာ ဒေါ်ဝင်းနုနုသန့်တို့၏မိခင် ဒေါ်အေးကြည်သည် ၂၂–၁၁–၂၀၀၃ရက် နံနက် ၆:၁၀နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မိသားစု။**

## ဝမ်းနည်းကြေကွဲခြင်း

ကျွန်တော်၊ ကျွန်မတို့၏ အချစ်ဆုံးသူငယ်ချင်း ဗိုလ်ဟိန်းထက် တေဇ(၂၈) အသက်(၂၄)နှစ်သည် ၁၈–၁၁–၂၀၀၃ ရက်နေ့တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခံစားရပါကြောင်း။

ချစ်သူငယ်ချင်း (ညီထွေး) ကောင်းရာ သုဂတိလားပါစေ။

**အချစ်ဆုံးငယ်သူငယ်ချင်းများ။**

## ဝမ်းနည်းကြေကွဲခြင်း
### မသင်းသင်းဆွေ
B.Sc (Zoo), (Hons), M.Sc, 1st Semester

သူငယ်ချင်း–

ရုတ်တရက် ကွယ်လွန်သွားပါကြောင်း ကြားသိရတဲ့အတွက် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာ သုဂတိ လားပါစေ။

**ဇင်မေဝင်း၊ ပပဇော်၊ ယဉ်ယဉ်အောင်၊ စိမ်းလဲ့ဝေ၊ ပွင့်သူအေး၊ စောယုဝင်း။**

## အမည်ပြောင်း

အဖဦးတင်ဝင်း၏ သမီး ပဲခူးမြို့ အထက–၃ ဒသမတန်း(ဃ)မှ အေမီတင်ချိုအား မှတ်ပုံတင် ၇/ကဝန (နိုင်) ၁၁၁၀၆၃ တွင် ပါရှိသည့်အတိုင်း အေမီတင်ချိုဝင်းဟုပြောင်းလဲခေါ်ပါရန်။

## ကျေးဇူးဆပ်ပါမည်

မောင်တင်မျိုးဝင်း၏ နိုင်ငံကူးလက်မှတ်စာအုပ်(အမှတ်–၅၁၂၈၉၉) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမှတ် ၃၇၊ ၁၄၇ လမ်းသို့ အကြောင်းကြားပေးပါ။


## စားပွဲနှင့် ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်**

**ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂**


## သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင်အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်းသိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါကထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးကြည်ဟုတ်(ခ)အုံဘွန်ဝှမ်
**ပွင့်ဦးရတနာရွှေဆိုင်၊ ဗိုလ်ချုပ်ဈေး**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၃၂၊ ရွှေဘုံသာလမ်းနေ (အုံကင်ဘိ–အွန့်အေ) တို့၏ သား၊ (ဒေါ်တင်ရွှေ)၏ ခင်ပွန်း၊ ကိုဝင်းဆွေ–မကေသီဝင်း(ဂုဏ်ရှိန်မြင့်ရတနာ)၊ ကိုဇေယျာအောင် (မြင့်ဂုဏ်ရောင်ရတနာ)၊ မောင်သိန်းဦး–မမိမိခိုင်၊ မအေးအေးပိုင်၊ Dr.ခင်သော်မင်း၊ စိုးမိုးမိုးထွန်း(ခေတ္တ–H.K)၊ စိုးမင်းမင်းထွန်း (ခေတ္တ–H.K)၊ မယမင်းထွန်း(ခေတ္တ–U.K)၊ မအိအိလှိုင်၊ မောင်စိုးနေလင်း၊ ဝမ်းယိရှန်၊ ဝမ်းယိချီ၊ မောင်ဖြိုးမောင်မောင်၊ မရူပါအောင်၊ မောင်စိုးဝဏ္ဏတို့၏ အဘိုး၊ မောင်သီဟဆွေ၊ မဝင့်သူအောင်၊ မောင်ဇွဲပြည့်အောင်၊ မရတနာဦး၊ မရတနာထူးတို့၏အဘေးသည် ၂၁–၁၁–၂၀၀၃ ရက် (သောကြာနေ့) ည ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃–၁၁–၂၀၀၃ရက် (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမြေး၊မြစ်များ။

## ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ဖွားသိန်း (ဇလွန်)
**အသက်(၈၇)နှစ်**

(ဦးဘဖေ–ဒေါ်စောကျင်) တို့၏ သမီး၊ (ဦးလှဖေ)၏ဇနီး၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက် ၃၁၈၊ အခန်း ၁၁၊ရန်အောင်လမ်းသွယ် ၂ နေ ဒုတိယဗိုလ်မှူးကြီးဦးပု (ငြိမ်း) [ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ပြည်သူ့အင်အားဦးစီးဌာန] (အကြံပေးအရာရှိ၊ ကာကွယ်ရေးဝန်ကြီးဌာန]–ဒေါ်မြင့်မြင့်သိန်း (အထပြ၊ ငြိမ်း)၊ ဒေါက်တာသိန်းစိုး (ဆာကူရာ အထူးကုဆေးခန်း) – ဒေါ်ခင်သန်းဌေးတို့၏မိခင်၊ မပွင့်နွယ်ဝေ၊ ဗိုလ်မိုးမင်းထွန်း၊ မပွင့်ကေခိုင်၊ မောင်ပြည့်ဖြိုးမောင်မောင်စိုး၊ မအိင့်ဖူးတို့၏ အဘွားသည် ၂၂–၁၁–၂၀၀၃ ရက် (စနေနေ့) ညနေ ၅:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၀၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်အုန်းကျော့(ဇေယျာဝတီ)
**အသက်(၈၂)နှစ်**

ဇေယျာဝတီမြို့၊ပဲခူးလမ်း၊ ဈေးပိုင်းရပ်နေ (ဦးခွေးပု)၏ဇနီး၊ ကိုကြည်အောင်–မစန်းထွေး (ရွှေဂူရပ်မိုးကုတ်)၊ မခင်အေးမြင့်၊ မခင်စန်းမြင့်၊ ကိုဝင်းအောင်–မခင်စန်းလွင်၊ ကိုအေးလွင်–မမြင့်မြင့်အေး၊ မအေးအေးဝါ၊ ကိုအောင်နိုင်ဦး၊ ကိုစိန်မိုး–မလဲ့ယဉ်မျိုး(တောင်ငူ) တို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၁–၁၁–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃–၁၁–၂၀၀၃ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ၁နာရီတွင် ဇေယျာဝတီမြို့ အနောက်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ကျေးဇူးတင်ရှိခြင်း
## ဦးစိုးအောင်
CDC-20569
**ရေနံ/ဓာတု–MT(ရေနံ့သာ)**
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ပုလဲလမ်း ၊ တိုက်အမှတ် ၁၀၈/၈ နေ ကွယ်လွန်သူ ဦးစိုးအောင်၏ ဈာပနကိစ္စတွင် အဘက်ဘက်မှပိုင်းဝန်းကူညီခဲ့ကြသော ရေနံသယ် ပို့ဌာနမှ ညွှန်ကြားရေးမှူးနှင့် ကမ်းရိုးတန်းဌာနမှူး၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ထားဝယ်ဌာနခွဲ၊ လေယာဉ်ဆီနှင့် အရောင်းဆိုင်မှ မန်နေဂျာများနှင့်ဝန်ထမ်းများ၊ ဆင်ဖြူပြင် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သရက်ချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ထားဝယ်မြို့မှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မြို့မိမြို့ဖများအားလုံးကို ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
## ဦးတင်လှိုင်
**(ပဲခူး)**
**အသက်(၈၄)နှစ်**

ရန်ကုန်တိုင်း၊ သုံးခွမြို့နေ ဦးဟင်းချုံ– ဒေါ်အိုက်ကွမ်တို့၏ညီ၊ ဦးကျုံရီ၊ ပဲခူးမြို့နေ ဒေါ်မြင့်မြင့်သန်း၊ သုံးခွမြို့နေ ဦးခဲ–ဒေါ်မြင့်သိန်း၊ ပဲခူးမြို့နေ ဦးတင်လှ–ဒေါ်စောခင်၊ မိတ္ထီလာမြို့နေ ဦးအာလေး–ဒေါ်တင်တင်၊ ပဲခူးမြို့နေ ဦးသိန်းထွန်း–ဒေါ်တင်တင်ဝင်း၊ဦးမောင်မောင်–ဒေါ်တင်နု၊ ဦးလှမိုး–ဒေါ်စန်းစန်းဌေး၊ ဒေါ်တင်တင်ထွေးတို့၏ ဖခင်၊ မြေး ၂၇ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုး၊ ပဲခူးမြို့၊ ပန်းလှိုင်ရပ် ၂၃လမ်း၊ အမှတ် ၉၄နေ (ဒေါ်ခွမ်းနား)၏ ခင်ပွန်းသည် ၂၂–၁၁–၂၀၀၃ ရက် (စနေနေ့) တွင်ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၀၃ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
## ဒေါ်လှကြည်(ပဲခူး)
**အသက်(၇၃)နှစ်**

ပဲခူးမြို့နယ်၊ မယင်းကျေးရွာနေ (ဦးပန်းညွန့်–ဒေါ်ရွှေနွဲ့)တို့၏ သမီး၊ ရုံးကြီးရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၁၀၇ နေ (ဦးထွန်းတင် အငြိမ်းစား၊ နယ်ပိုင်တရားမတရားသူကြီး)၏ ဇနီး၊ လိပ်ပြာကန်ရပ်နေ (ဦးစိုးကြည်–ဒေါ်ထွေးကြည်)တို့၏အစ်မ၊ တွံတေးမြို့နေ (ဦးဝင်းမောင်)(သ/မဦးစီးမှူး)–ဒေါ်ခင်အေးမြင့်၊ မင်္ဂလာဒုံနေ တကကစိုးမြင့်–ဒေါ်ကြည်ကြည်မြ၊ ပဲခူးမြို့နေ ဦးခင်မောင်ထွန်း (သစ်တောဖက်စပ်)–ဒေါ်မြင့်မြင့်ချို၊ ဦးအောင်မျိုးလွင်(ဆည်မြောင်း)၊ ပြင်ဦးလွင်မြို့နေ ရဲအုပ်မြင့်ဇော်–ဒေါ်နီလာဆွေ၊ ပဲခူးမြို့နေ မောင်ဇော်ဝင်းအောင်–မသင်းသင်းဆွေ၊ မောင်လွမ်းကို–မစုစုထွန်း၊ မောင်ဇော်လင်းထွန်း–မနီနီအေး (နန်းသဉ္ဇာ အလှခန်းမ)တို့၏ မိခင်၊ မြေး ၁၆ ယောက်တို့၏အဘွားသည် ၂၁–၁၁–၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃–၁၁–၂၀၀၃ ရက် မွန်းလွဲ ၁ နာရီတွင် ဖောင်တော်ဦးသုသာန် သို့ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ကျေးဇူးတင်ရှိခြင်း
## ဗိုလ်မှူးတင်မောင်ဦး (ငြိမ်း)
**(ကြည်း–၇၉၈၄)**
**အသက် (၇၂)နှစ်**

ဖခင်ကြီးနာမကျန်းဖြစ်စဉ် ဂရုတစိုက်ပြုစုကုသစောင့်ရှောက်ပေးခဲ့သောပုသိမ်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများ၊ ကွယ်လွန်ပြီး ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှပိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော အနောက်တောင် တိုင်းစစ်ဌာနချုပ်မှအရာရှိများ၊ စစ်သည်များ၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ပုသိမ်)နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများမှ ပုဂ္ဂိုလ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များမှအရာရှိ၊ စစ်သည်များနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ကျေးဇူးဥပကာရတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဂျူးဇက်မျိုးထင်(ခ)
## ဦးအောင်မိုး (သန်လျင်)
**စာရေးဆရာ**
**အောင်မိုးခေါင်(ဘာသာပြန်)**
B.A (Eng) Q
**အသက်(၆၀)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ် ၉၁ (က)၊ မြို့မ ၁၃ လမ်း၊ ၄/ မြောက်ရပ်ကွက်နေ ဒေါ်ခင်မျိုးမြတ် (ဘရန်ဒါ)၏ ခင်ပွန်း၊ မာမာဆွေ (ကိုမြင့်ဆွေ)၊ ကျော်ကျော်မျိုး–ဌေးဌေးမြင့်၊ဝင်းဇော်ဦး၊ သင့်သင့်ဆွေ–မောင်မြင့်အေး၊ ဇင်မျိုးဆွေ–ဖိလစ်တို့၏ ဖခင်၊ မြေးခုနစ်ယောက်၏ အဘိုးသည် ၂၁–၁၁–၂၀၀၃ ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃–၁၁–၂၀၀၃ ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီ တွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးကြည်ဟုတ်(ခ)အုံဘွန်ဝှမ်
**ပွင့်ဦးရတနာရွှေဆိုင်၊ဗိုလ်ချုပ်ဈေး**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၃၂၊ ရွှေဘုံသာလမ်းနေ (အုံကင်ဘိ–အွန့်အေ) တို့၏ သား၊ (ဒေါ်တင်ရွှေ)၏ ခင်ပွန်း၊ (ဦးရှိန်မြင့်)–ဒေါ်ခင်သန်းမြင့်(ပပဝင်း ရတနာရွှေဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ ဦးအောင်ကျော်ဝင်း–ဒေါ်ခင်ခင်မြင့် (ဗိုလ်ချုပ်ဈေး)၊ Dr. စိန်ထွန်း–ဒေါ်မြင့်မြင့်သန်း (ခေတ္တ–ဟောင်ကောင်)၊ ဦးကျင်လှိုင်–(ဒေါ်ဌေးရင်၊ ၃၂၇၊ ဘီရုံ၊ သိမ်ကြီးဈေး)၊ ဒေါ်ရင်ရင်နီ၊ Dr. ခင်လတ်–Dr. ခင်မြင့်ရီ၊ ဦးထွန်းဝေ–ဒေါ်ခင်ခင်ဝေ၊ မြေး၁၇ယောက်၊ မြစ် ငါးယောက်တို့၏ ဖခင်သည် ၂၁–၁၁–၂၀၀၃ရက် (သောကြာနေ့) ည၁၁:၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃–၁၁–၂၀၀၃ ရက်(တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ရဟန်းဒါယကာကြီး
## အရာခံဗိုလ်မောင်သန်း (ငြိမ်း)
**(ကြို့ပင်ကောက်)**
**အသက်(၆၂)နှစ်**

ကြို့ပင်ကောက်မြို့နေ (ဦးထွန်းရှိန်)–ဒေါ်မြကြည် တို့၏သား၊ တပ်တွင်းအိမ်ထောင်သည်လိုင်းနေ ဒေါ်သန်းသန်း (ကစလ)၏ ခင်ပွန်း၊ ဦးကျော်ဇင်သန်း–ဒေါ်ကေဇင်ဦးတို့၏ ဖခင်၊ မောင်ကောင်းမြတ်ကျော်၏ အဘိုးသည် ၂၂–၁၁–၂၀၀၃ ရက် နံနက် ၆နာရီတွင် အမှတ် (၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၀၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [အမှတ်(၂) တပ်မတော်ဆေးရုံမှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

## ဒေါ်အေးရင် (ဝါးခယ်မ)
**အသက်(၅၉)နှစ်**

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နယ်၊ မောင်းတီးကျေးရွာနေ (ဦးလူကြီး–ဒေါ်တုတ်)တို့၏ သမီး၊ ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်းသွယ် ၁၊ တိုက် ၁၀၊ အခန်း ၄ နေ ဦးတွက်နီ၏ ဇနီး၊ ကိုခင်မောင်ဦး၊ ကိုမြင့်နိုင်–မမာမာ၊ ကိုအောင်သန်းမြင့်–မငြိမ်းငြိမ်းအေးတို့၏မိခင်၊ မဟေမာမြင့်နိုင်၊ မအဥ္ဇလီချမ်းမြေ့တို့၏အဘွားသည် ၂၂–၁၁–၂၀၀၃ (စနေနေ့) နံနက် ၀၀:၁၅ နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၀၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် စံပြဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ် မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## မစန္ဒာဝင်း
B.Sc(Phy:)
**ငွေစုဘဏ်ခွဲ(၁)၊ပန်းဆိုးတန်း**
**အသက်(၂၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစဉ် ရွာမရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ် ၅၅ (ငါးလွှာ)နေ (ဦးရွှေလယ်–ဒေါ်ခင်မြ)တို့၏ မြေး၊ ဦးသိန်းရွှေ(လ/ထမန်နေဂျာ၊ ဘဏ်တွင်စာရင်းစစ်)–ဒေါ်အုန်းရီတို့၏သမီးငယ်၊ ဦးအေးမင်း(Benhur Trading Co., Ltd.)–ဒေါ်နီနီဝင်း(ရိုးမဘဏ်၊ ကျောက်တံတားဘဏ်ခွဲ)တို့၏ ညီမသည် ၂၂–၁၁–၂၀၀၃ရက် နံနက် ၄:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၀၃ရက်မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဒေါ်ကျင်ဟုန် (ပုလော)
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင် ၃ လမ်း၊ အမှတ် ၉၇ နေ (ဦးရှုဟုန်–ဒေါ်စိန်ရွှေ)တို့၏ သမီးကြီး၊ ဗိုလ်ကြီးမောင်ညို(ငြိမ်း)၏ ဇနီး၊ မညိုညိုစန်း၊ကိုမျိုးအောင်၊ ကိုစိုးအောင်၊ မစပါယ်တို့၏မိခင်၊ ဒေါ်ကျင်မို (အမက–၁၇၊ လှိုင်၊ ငြိမ်း)၊ ဒေါ်ရီသန်း၊ ဒေါ်ညွန့်ညွန့်တို့၏အစ်မသည် ၂၁–၁၁–၂၀၀၃ရက် (သောကြာနေ့) ညနေ ၆:၅၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၃–၁၁–၂၀၀၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးအေးသော်
**(ရုံးစည်ကြီး)**
**အသက်(၇၄)နှစ်**

ဒဂုံမြို့သစ်(တောင်ပိုင်း)၊(၅၅)ရပ်ကွက်၊ မင်းလမ်း ၁ လမ်း၊ အိမ်အမှတ်၁၂၁၂နေ (ဦးညွန့်–ဒေါ်နန်း) တို့၏သား၊ ဒေါ်စန်းတင့်၏ခင်ပွန်း၊ ဦးကြည်ဟန် (အင်းစိန်ခရိုင် ဥပဒေရုံး) – ဒေါ်မြင့်မြင့်အေး (စာရင်းစစ်ချုပ်ရုံး၊ရုံးအဖွဲ့)၊ ဦးစန်းယု (အလက–၄၊ဒဂုံတောင်)၊ ဦးထွန်းထွန်းအောင်(ရွှေထီးကုမ္ပဏီ)–ဒေါ်လွင်လွင်သော် (ရွှေပုဇွန်အထည်ချုပ်)၊ ဒေါ်တင်ခိုင်သော်(ရန်ကုန်စည်ပင်)၊ ဦးမင်းနိုင်သော်(ခေတ္တ–စင်ကာပူ)၊ ဒေါ်တင်လှိုင်သော်(စိုက်ပျိုးရေးရုံးချုပ်)တို့၏ ဖခင်၊ မမွေးကြည်ကြည်ခင်၊ မဆုပြည့်စုံဌေးတို့၏အဘိုးသည် ၂၂–၁၁–၂၀၀၃ ရက် (စနေနေ့) မွန်းလွဲပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၀၃ ရက် (တနင်္လာနေ့)နံနက်၁၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီ တွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

## အာရ်ဘီယာမိုဟမ္မဒီယာဟွိုဇွလ်ကုရ်အာန် ကျောင်းအုပ်ဆရာကြီး
## ဟာဖွိဇ်မိုဟာရမ်အလီ(ခ)
## ဦးခင်ရွှေ
**(ထုံးကြီးကျေးရွာ)**
**အသက်(၆၁)နှစ်**

ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ ထုံးကြီးကျေးရွာ၊ ဈေးလမ်းနေ ဒေါ်လွန်းရွှေ၏ ခင်ပွန်းသည် ၁၃–၁၁–၂၀၀၃ ရက် (ကြာသပတေးနေ့)နံနက် ၅ နာရီတွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

## မောင်သီဟညီညီ
**(ကြည့်မြင်တိုင်)**
**အသက်(၁၇)နှစ်**

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင် အရှေ့ရပ်ကွက်၊ ရွှေလှိုင် (အထက်)လမ်း၊ အိမ်အမှတ် ၄၈ နေ (ဦးတင်ဦး–ဒေါ်သန်းစိန်) တို့၏ မြေး၊ ဦးသောင်းရွှေ– ဒေါ်အေးမြင့်ကြည်၊ ဦးကိုကိုလေး (ခေတ္တ–Australia)၊ ဒေါ်ခင်သိန်းဆင့်(စာရင်းစစ်မှူး၊ ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၊ ဦးအောင်မြတ်ကျော်–ဒေါ်လှအေးတို့၏တူဦးသောင်း–ဒေါ်အေးမြကြည်(ခ) ဒေါ်ဖြူ (နည်းပြဆရာမ၊ငြိမ်း၊ ဗဟိုသမဝါယမသင်တန်းကျောင်း၊ ဖောင်ကြီး)တို့၏ သားထွေး၊ မစန္ဒာရွှေ(ခေတ္တ–အင်္ဂလန်)၊ မရွှေသီတာ (ခေတ္တ–မလေးရှား)– ကိုသတိုးအောင် (ခေတ္တ–UAE)၊ မနွယ်နီရွှေ၊ မောင်မျိုးသောင်းထွန်း(ရွှေဇရာရောင်းဝယ်ရေး)၊ မောင်သန်းဌေးကျော်(ခေတ္တ–မလေးရှား)၊ မောင်လှအောင်ကျော် (ခေတ္တ–မလေးရှား)၊ မသဥ္ဇာအေး (Office Secretary Sejin Lines Co., Ltd.)၊ မခင်ကျော့ဝေ၊ မမေရူပါကျော်တို့၏ညီ/မောင်/အစ်ကို၊ မချောစုဟန်သွယ်(ခ)ပေါက်ပေါက်၏ဦးလေးသည် ၂၀–၁၁–၂၀၀၃ ရက်(ကြာသပတေးနေ့) ည ၉:၁၅နာရီတွင် ရွှေလှိုင်လမ်း၊ အမှတ် ၄၅ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၁၁–၂၀၀၃ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## ဦးကျော်သင်း
**ဗဟိုပုံနှိပ်တိုက်(ငြိမ်း)**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊တရုတ်ကျောင်းလမ်း၊ အမှတ် ၂၅နေ(ဦးစံရ–ဒေါ်ဖွားစိန်)တို့၏ သား၊ ဒေါ်အုံးမြ၏ခင်ပွန်း၊ ဒေါ်ဌေးဌေးဝင်း(ကြီးမှူး၊ မြန်မာ့အာမခံလုပ်ငန်း)၊ ဦးမောင်နိုင် (မိုးပျံနဂါး ဆောက်လုပ်ရေး)–ဒေါ်ချိုချိုဝင်း (အထပြ၊အထက၊ အင်းတိုင်)တို့၏ဖခင်၊ မောင်ကောင်းသူသူ IIF(T.T.C)၊ မောင်ထူးဒီဒီးတို့၏ အဘိုးသည် ၂၂–၁၁–၂၀၀၃ရက်(စနေနေ့) နံနက် ၄:၁၀နာရီ တွင်ကွယ်လွန်သွားပါ၍ ၂၄–၁၁–၂၀၀၃ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ကြို့ပင်ကောက်မြို့နယ်အသင်း
**(ရန်ကုန်)**
## အရာခံဗိုလ်မောင်သန်း (ငြိမ်း)
**အသက်(၆၂)နှစ်**

ကြို့ပင်ကောက်မြို့နေ (ဦးထွန်းရှိန်)–ဒေါ်မြကြည်တို့၏သား၊ ဒေါ်သန်းသန်း (ကစလ)၏ခင်ပွန်းသည်၂၂–၁၁–၂၀၀၃ ရက်နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၀၃ ရက်(တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် အမှတ် (၂) တပ်မတော်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်းအသင်းဝင်များပို့ဆောင်နိုင်ရန် အကြောင်းကြားပါသည်။ [အမှတ် (၂) တပ်မတော်ဆေးရုံမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။]

အမှုဆောင်အဖွဲ့။

## ဦးမြင့်တိုး
**(ကွမ်းခြံကုန်း၊နတ်စင်ကုန်း)**
**အား/ကာ(အငြိမ်းစား)**
**တပ်မတော်–လေ(ငြိမ်း)**
**(စိန့်ပေါလ်ကျောင်းသားဟောင်း)**
**အသက်(၅၈)နှစ်**

ရန်ကုန်တိုင်း၊သာကေတမြို့နယ်၊ဧရာဝဏ်လမ်း၊မြခွာညီအိမ်ရာ၊ယုဇနဝင်း၊တိုက် ၄၊အခန်း၆နေ (ဦးတင်ဖေ–ဒေါ်အမာ) တို့၏သား၊ ဒေါ်လှလှနွယ်၏ခင်ပွန်း၊ ဦးဝင်းနိုင်–ဒေါ်ကေသီခိုင်၊ ဦးမင်းသန့်(ခ)ဦးသူရဇော်–ဒေါ်ပပအေး၊ ဦးထွန်းဇော်လင်း–ဒေါ်အေးမိုးစံ၊ ဦးတင်မြင့်အောင်–ဒေါ်မေသီခိုင်တို့၏ ဖခင်၊ မအေးချမ်းမိုး၊မောင်သော်ဇင်၊မောင်ဘုန်းသစ်မင်း၊ မောင်ဇေကအောင်၊ မဝတီမင်းသန့်တို့၏ အဘိုးသည်၂၁–၁၁–၂၀၀၃ရက် (သောကြာနေ့) ည ၉:၃၀ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၃–၁၁–၂၀၀၃ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂:၄၅နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးမြင့်တိုး
**(ကွမ်းခြံကုန်း၊နတ်စင်ကုန်း)**
**အား/ကာ(အငြိမ်းစား)**
**တပ်မတော်–လေ(ငြိမ်း)**
**(စိန့်ပေါလ်ကျောင်းသားဟောင်း)**
**အသက်(၅၈)နှစ်**

ရန်ကုန်တိုင်း၊သာကေတမြို့နယ်၊ဧရာဝဏ်လမ်း၊မြခွာညီအိမ်ရာ၊ယုဇနဝင်း၊တိုက် ၄၊အခန်း၆နေ (ဦးတင်ဖေ–ဒေါ်အမာ) တို့၏သား၊(ဦးမောင်မောင်ကြီး–ဒေါ်ယဉ်နု)တို့၏သားသမက်၊ (ဒေါ်စော)၊ (ဆရာဦးအေး)တို့၏ တူ၊ ဦးမောင်မောင်မြင့်–ဒေါ်စမ်းစမ်းထွေးတို့၏ညီ၊ ဦးဇော်ဝင်းသိန်း–ဒေါ်ခင်ခင်ဆွေ၊ ဦးအောင်မြင့်–ဒေါ်မြင့်ရီ၊ ဦးအောင်နိုင်–ဒေါ်ခင်ဝင်းသိန်း၊ ဦးသိန်းထွေး–ဒေါ်ဘောဘီ၊ ဒေါ်ချိုချိုခိုင်တို့၏အစ်ကိုသည် ၂၁–၁၁–၂၀၀၃ ရက်(သောကြာနေ့)ည၉:၃၀နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၃–၁၁–၂၀၀၃ရက် (တနင်္ဂနွေနေ့)ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂:၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမတစ်စု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။**

R. 488

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)ကျင်းပ ဗဟိုနာယကအဖွဲ့ဝင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၂

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)ပထမနေ့အစည်းအဝေးကို နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီတွင် မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း၏ ပြည်ထောင်စုခန်းမ၌ စတင်ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

အစီအစဉ်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)ကို ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းနှင့် တာမွေမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသားကျောင်းသူများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ မူပိုင်တေးသီချင်းများဖြစ်သည့် "ပြည်မြန်မာ"သီချင်းနှင့် "ရာသက်ပန်ပြည်ထောင်စု"သီချင်းတို့ကို စုပေါင်းသီဆိုကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)ကို စတင်ဖွင့်လှစ်လိုက်ကြသည်။

***စာမျက်နှာ ၇ ကော်လံ ၁*** ✻

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃) ပထမနေ့တွင် နံနက်ပိုင်းသဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၃)ပထမနေ့အစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

## စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်နှင့် ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

**မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကြီးမှူးစီစဉ်မှုဖြင့် ၁၃၆၅ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်နှင့် ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း အမှတ်(၃၇၉-၃၈၃) အဆောက်အအုံ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသောဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်များ၊ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို အဆိုပါအဆောက်အအုံရှေ့မျက်နှာစာ၌ကျင်းပရာ အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က ဆောင်ရွက်ပြီး စာအုပ်ဈေးပွဲတော်ကျင်းပရေးဥက္ကဋ္ဌ ပုံနှိပ်ရေးနှင့် စာအုပ် ထုတ်ဝေရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း(မြင့်သိန်းအောင်)က စာအုပ်

***စာမျက်နှာ ၆ ကော်လံ ၁*** ●

## စာအုပ်ဈေးပွဲတော်နှင့်ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲဖွင့် စာအုပ်ဝယ်ယူခွင့်ဂုဏ်ပြုလက်မှတ်ရရှိသူစာအုပ်များဝယ်ခွင့်ပြု

**ရန်ကုန် နိုဝင်ဘာ ၂၂**

၁၃၆၅ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်နှင့် ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ကျင်းပရာတွင် ဖွင့်ပွဲအထိမ်းအမှတ် မိုးပျံဘောလုံးနှင့်အတူ အဆိုပါစာအုပ်ဈေးပွဲတော်၌ ဖွင့်လှစ်ရောင်းချနေသောစာအုပ်ဆိုင်များမှ စာအုပ်များကို ငွေကျပ် ၁၅၀၀၀ တန်ဖိုးအထိ စာအုပ်များကို ဝယ်ယူခွင့်ပြုသည့် လက်မှတ်အား ထည့်သွင်းပေးလိုက်ရာ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၃)ရပ်ကွက် သပြေခြံ မြေတူးလုပ်သားကိုသန်းနိုင်သည် ယနေ့နံနက် ၈ နာရီခွဲတွင် ဝယ်ယူခွင့်ပြုသည့် လက်မှတ်ကိုရရှိသဖြင့် စာအုပ်ဈေးပွဲတော်၌ ဖွင့်လှစ်ရောင်းချနေသော စာအုပ်ဆိုင်များမှ နှစ်သက်ရာစာအုပ်များကို ဝယ်ယူခွင့်ပြုလိုက်သည်။

ယင်းစာအုပ်ဈေးပွဲတော်နှင့် ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲတွင် ယနေ့ရောင်းရငွေစုစုပေါင်းမှာ ငွေကျပ် ၉၈၃၃၇၀ ဖြစ်သည်။

**(သတင်းစဉ်)**

## စာပေပန်းများပွင့်လန်းရာ ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲ

သတင်းဆောင်းပါး - မောင်မောင်ကျော်၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၂

**စာပေသည် လူတို့၏အသိအမြင်ကို မြင့်မားစေ၏။ အတွေးအခေါ် အယူအဆကို မှန်ကန်စေ၏။ ဗဟုသုတကို တိုးပွားစေ၏။ ဘဝအမှောင်ကို အလင်းဆောင်ပေ၏။ စာပေစွမ်းအားဖြင့် နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးနိုင်၏။ စာပေ၏တန်ဖိုးသည် ကြီးမားလှပေစွ။**

တန်ဖိုးကြီးမားသော စာပေပန်းများကား ယနေ့ ပွင့်လန်းနေပြီဖြစ်၏။ ထိုသို့ပွင့်လန်းအောင်လည်း နိုင်ငံတော်ကပံ့ပိုးဆောင်ရွက်ပေးခဲ့၏။ စာပေပညာရှင်များ၏ဘဝကိုလည်း မြှင့်တင်ပေးခဲ့၏။ စာပေပညာရှင်များကလည်း ကြိုးစားသည်။ စာဖတ်သူများကလည်း ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် လေ့လာလာကြသည်။ ဤသည်ကား ကောင်းမြတ်သောအကြောင်းတရားများပင်ဖြစ်၏။

ယင်းကောင်းမြတ်သော အကြောင်းတရားများစွာအနက်မှ ယနေ့ စာပေကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်လိုက်၏။ နေရာကား ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း အမှတ် ၃၇၉-၃၈၃ ရှိ ယခင် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အဆောက်အအုံတွင်ဖြစ်သည်။ **"ဝတ္ထုရှည်မြန်မာနှစ်တစ်ရာ"**ပြပွဲကို ဖွင့်လှစ်ပြသခြင်းဖြစ်သည်။

ထိုပြပွဲသို့ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်လေ့လာ တွေ့ဆုံမေးမြန်းခဲ့၏။ စာအုပ်ပွဲတော်ကား စာဖတ်သူ၊ စာအုပ်ဝယ်သူများဖြင့် ပထမနေ့တွင်ပင် အထူးစည်ကားလှ၏။ ယခုနှစ် ပိုမိုထူးခြားသည်မှာ ရေးသူ

***စာမျက်နှာ ၃ ကော်လံ ၁*** ■

**ယနေ့ထုတ်စောင်ရေ**

၂၀၂၅၂၅

23-11 (20).p65 1 11/23/03, 12:03 AM